# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၉၇)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် ၊ ၃ဝ-၉-၂ဝ၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့်ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၉

ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

**စာမျက်နှာ ၃ သို့**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့။

မန္တလေး

## တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာကို ရှေ့ပြေးစီမံကိန်းအဖြစ် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

မိမိတို့ကော်မတီမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကိုလည်း ပြည်သူများသိရှိစေရန် မီဒီယာမှတစ်ဆင့် ထုတ်လွှင့်ဖြန့်ချိလျက်ရှိပါကြောင်း၊ နိုင်ငံတော်မီဒီယာသည် ပြည်သူလူထုအတွက် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန်တို့သာမက ပြည်သူများကို ပြုံးပျော်ရွှင်စေရေးအတွက်ပါ ဖန်တီးဆောင်ရွက်ပေးနေပါကြောင်း၊ ခိုင်မာတောင့်တင်း အားကောင်းသည့် လူမှုအသိုက်အဝန်းကိုလည်း နိုင်ငံတော်မီဒီယာအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပြီး ပြည်သူနှင့် အစိုးရအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စက်တင်ဘာ ၂၇ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည့် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပြည်သူလူထုထံ သတင်းမှန်များ ရောက်ရှိသိရှိနိုင်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဖော်ပြနေပါကြောင်း၊ မိဘပြည်သူများအနေဖြင့် လူမှုကွန်ရက်ပလက်ဖောင်းများကို သုံးစွဲရာတွင် သတင်းတု၊ သတင်းမှားများကို ခွဲခြားဝေဖန်ပိုင်းခြားပြီး စီးပွားရေး၊ လူမှုရေးအတွက် အကျိုးကျေးဇူးရှိစေမည့် ဗဟုသုတများကိုသာ ကြည့်ရှုစေလိုပါကြောင်း၊ လာမည့်ကာလများတွင် တိုးတက်ကောင်းမွန်သည့် အသိုက်အဝန်းနှင့် ယုံကြည်စိတ်ချပျော်ရွှင်စရာကောင်းသည့်ဘဝများ ရောက်ရှိရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တပ်ကုန်းမြို့နယ် မြို့မ (၆) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၄၉) အုပ်စုတို့အတွက် MRTV DTH စလောင်း ၁၇၇ စုံနှင့် MRTV DVB-T2 Set Top Box အလုံး ၁၁၀ တို့ကို ပေးအပ်သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားမြင့်မားရေး၊ အမျိုးသားပညာရေးအဆင့်အတန်းမြင့်မားရေးနှင့် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ကောင်းမွန်သာယာရေးတို့အတွက် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ပြည်သူများကလည်း နိုင်ငံတော်နှင့်တကွ နိုင်ငံသားတိုင်း၏ ကောင်းကျိုးများဖြစ်ထွန်းစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းပြောကြားသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌက တပ်ကုန်းမြို့နယ် ပညာရေးမှူးရုံးတစ်ရုံး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၃၀ နှင့် အခြေခံပညာအလယ်တန်းကျောင်း ၃၄ ကျောင်းတို့အတွက် MRTV DTH စလောင်း ၇၂ စုံကို ပေးအပ်သည်။

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးစီမံချက်သည် ကျေးလက်ဒေသများ၏ ရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ရေရှည်တည်တံ့ခိုင်မြဲသည့် လူမှုစီးပွားဘဝများ ခိုင်မာအားကောင်းလာစေရေးအတွက် အကောင်အထည်ဖော်ပေးခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

**ပုသိမ်ကြီး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ သရက်တပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက သရက်တပင်ကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၅၀၉၀၀၀၀၀ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၈ ဦးကို ငွေကျပ် ၁၆၇၀၀၀၀၀ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၉ ဦးကို ငွေကျပ် ၁၃၂၀၀၀၀၀သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၄၄၀၀၀၀၀ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၉၇ ဦးကို ငွေကျပ် ၁၁၇၀၀၀၀၀ သိန်းနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦးကို ငွေကျပ် ၄၉၀၀၀၀၀ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၂၂ ဦးကို ငွေကျပ် ၅၀၉၀၀၀၀၀သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။ (ဝ၄ဝ)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြားနှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှော်ရုံ၊ အ·ထ·က (၁)အနောက်ဘက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ လမ်း ၆၀၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်(ဃ-၅)၊ ၆၉ လမ်း၊ ၁၁၁ လမ်းထောင့်တို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃ လမ်း၊ ၄၃ လမ်းထောင့်၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၈ လမ်း၊ ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြားတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် အမရပူရမြို့နယ်၊ ကျုန်တန်းရပ်ကွက်၊ ပွဲတော်ရပ်ရွာလယ်လမ်း၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတွင်လည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ (ဖဖ-၁)၊ ၅၄ လမ်း၊ ၁၁၀ လမ်း နှင့် ၁၁၁ လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

(အောက်ပုံ)

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/ဝ၉-၇၅၁၁၇ဝ၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ရုရှားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym–Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr . Iskander Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။

❑ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လိုက်ပါလာသည့် အထူးလေယာဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၊ ကူမင်းလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီ ကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူး Mr. Hu Dapeng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xiju နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

### အမြင်ချင်းဖလှယ်

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီ ကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင် အတွင်းရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်နှင့်မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးရှိသည့် အိမ်နီးချင်း နိုင်ငံများဖြစ်ပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သည့် အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေး အပါအဝင် သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်၍လည်း လိုအပ်သည်များကို ကူညီပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ တရုတ်-မြန်မာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအတွက် နှစ်နိုင်ငံ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတွင်ပါဝင်သည့် စီမံကိန်းများ၊ သဘောတူညီချက်များကို အမြန်ဆုံး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်အကြား အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

### ပို့ဆောင်နှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား

နေပြည်တော် စက်တင်ဘာ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E. Mr. Kassym–Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ရာ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဖော်ပြအပ်ပါသည်-

**မေး ။ ။ ယာယီသမ္မတကြီးအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Atom Museum မှာ ကျင်းပပြုလုပ်ခဲ့တဲ့ "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum)" ကို တက်ရောက်ခဲ့ရတာကြောင့် မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအပေါ်မှာ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲ။ နိုင်ငံတော်အတွက် ဘယ်လိုကဏ္ဍတွေမှာ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့ ရနိုင်မလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ မော်စကိုမြို့မှာပြုလုပ်တဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic week forum) ကိုတက်ရောက်ဖို့အတွက် သမ္မတကြီးပူတင်ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်သွားတာဖြစ်ပါတယ်။ အဲဒီမှာတော့ သမ္မတကြီးပူတင်၊ ဘယ်လာရုစ်သမ္မတ၊ အာမေးနီးယားဝန်ကြီးချုပ်၊ အီသီယိုးပီးယားဝန်ကြီးချုပ်၊ အခြားခေါင်းဆောင်များ၊ IAEA ရဲ့ ညွှန်ကြားရေးမှူးချုပ်တို့ သူတို့နဲ့တွေ့ဆုံပြီးတော့မှ နှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်တဲ့အခြေအနေတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီညီလာခံဟာ ထူးခြားတဲ့ ညီလာခံတစ်ခုလည်း ဖြစ်ပါတယ်။ အဓိက ကတော့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနဲ့ပတ်သက်ပြီးတော့ အမြင်ချင်းဖလှယ်ကြတာလည်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လည်း IAEA အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့အတွက်ကြောင့် အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင် အမြင်ချင်းဖလှယ်တာလည်း ဖြစ်ပါတယ်။ ရရှိခဲ့တဲ့ အကျိုးရလဒ်ကတော့ တော်တော်လေးကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မေး ။ ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကာဇက်စတန်သမ္မတနိုင်ငံ ခရီးစဉ်အတွင်းမှာ ယာယီသမ္မတကြီးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိအောင်ဆွေးနွေးနိုင်ခဲ့ပါသလဲဆိုတာ သိရှိလိုပါတယ်။**

ဖြေ ။ ။ ရုရှားသမ္မတကြီး ပူတင်နဲ့ သီးခြားတွေ့ဆုံနိုင်ခဲ့တာရှိပါတယ်။ မတ်လမှာ တွေ့ဆုံခဲ့ပြီးဖြစ်ပြီးတော့ တွေ့ဆုံခဲ့တဲ့ ရလဒ်တွေကိုမူတည်ပြီးတော့ တိုးတက်မှုအခြေအနေတွေ၊ ဒါတွေကို နှစ်ဖက်သုံးသပ်ပြီးတော့ ဒီထက်ပိုပြီးတော့မှ ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့က ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာကာသနဲ့ အဏုမြူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။

အလားတူစွာပဲ ကာဇက်စတန်ကိုရောက်ရှိတဲ့အခါမှာလည်း ကာဇက်စတန်သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါလည်း ဒုတိယအကြိမ်ဆွေးနွေးတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လက တစ်ခါဆွေးနွေးပြီးဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးခဲ့တဲ့ရလဒ်အပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဘယ်ကဏ္ဍတွေမှာ ပိုပြီးတိုးချဲ့ဖို့လိုမလဲ။ မြန်မာနိုင်ငံမှာ ဘာကိုရင်းနှီးမြှုပ်နှံမှုလုပ်မလဲ။ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ အသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံမှာ တန်ဖိုးမြှင့်ပစ္စည်းတွေ ဘယ်လိုထုတ်လုပ်ကြမလဲ။ သိပ္ပံနဲ့နည်းပညာဆိုင်ရာကဏ္ဍတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ မြို့ပြဆိုင်ရာကိစ္စတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ ဒါတွေလည်း ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ရလဒ်တွေရခဲ့တယ်လို့ ပြောလိုပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။

**မေး ။ ။ ယာယီသမ္မတကြီးအနေနဲ့ ကာဇက်စတန်နိုင်ငံကို ပထမဦးဆုံးလာရောက်တဲ့မြန်မာနိုင်ငံက ခေါင်းဆောင်တစ်ဦးဖြစ်တယ်လို့ သိရှိရပါတယ်။ အနာဂတ်ကာလများမှာလည်း မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုတိုးတက်ဆောင်ရွက်ဖို့ ရှိပါသလားဆိုတာ သိရှိလိုပါတယ်။**

ဖြေ ။ ။ စောစောက ကျွန်တော်ပြောသလို၊ ကာဇက်စတန်သမ္မတနဲ့ကတော့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ ကာဇက်စတန်နဲ့ ကျွန်တော်တို့က သံတမန်ဆက်ဆံမှုက ၂၆ နှစ် ရှိပါပြီ။ ပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်နေ့က သံတမန်ဆက်ဆံမှုလုပ်ခဲ့တာဖြစ်ပြီး ကျွန်တော်ရောက်တဲ့နေ့က ၂၇ ရက်နေ့ ဖြစ်ပါတယ်။ အဲဒီတော့ ၂၆ နှစ်ပြည့်ပြီး တစ်ရက်မှာရောက်တာပေါ့။ ထူးခြားမှုရှိပါတယ်။ သူတို့သမ္မတကြီးကလည်း ဒါကို အလေးထားပြီးပြောပါတယ်။ မြန်မာနိုင်ငံ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပထမဦးဆုံးလာတဲ့ခရီးစဉ်ဖြစ်တယ်။ New Step ခြေလှမ်းသစ်တစ်ခုကိုစခဲ့တယ်ဆိုတာလေး သူပြောတာပေါ့။ စောစောက ကျွန်တော်ပြောသလိုပဲ နှစ်ဖက် ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေမှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေ၊ သိပ္ပံနှင့်နည်းပညာကိစ္စရပ်တွေ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ဒါတွေ ကျွန်တော်တို့ ပြောဆိုဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ကာဇက်စတန်နိုင်ငံက တိုးတက်တဲ့နိုင်ငံတစ်ခုဆိုတာ မြင်ပါတယ်။ အဓိက ကတော့ မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေ။ အထူးသဖြင့် မြေအောက်သယံဇာတပစ္စည်းတွေ ရေနံနဲ့ဓာတ်ငွေ့တို့ ကြေးနီ၊ ရွှေ ခရိုမီယမ်၊ သံ တော်တော်လေးထွက်ပါတယ်။ ကမ္ဘာမှာလည်း ထိပ်တန်းတင်ပို့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလည်းလုပ်တဲ့ နိုင်ငံတစ်ခုပါ။ သူတို့နိုင်ငံက ဂျုံက ကမ္ဘာမှာ အကောင်းဆုံး ဂျုံထဲမှာပါတာ တွေ့ပါတယ်။ ဒါလည်း နမူနာသုံးစွဲကြည့်ပြီးဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းထဲမှာလည်း အဓိကတော့ ပေါ်ဆန်းမွှေးဆန်ပေါ့။ ပေါ်ဆန်းမွှေးဆန်ကိုတော်တော်လေးစိတ်ဝင်စားပါတယ်။ ကျွန်တော်လည်း ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံကလည်း ဘယ်လိုလမ်းကြောင်းကနေ သူတို့ဆီ ပို့မလဲပေါ့။ ဒီဟာတွေ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တွေ့ဆုံနိုင်ခဲ့မှုအခြေအနေကတော့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို နှစ်ဦး နှစ်ဖက်ကနေ စိတ်အားထက်သန်စွာနဲ့ တိုးချဲ့ဆောင်ရွက်သွားဖို့ဆန္ဒရှိတာ တွေ့ရပါတယ်။

**မေး ။ ။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်တဲ့အခါ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အဘက်ဘက်မှ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်သူပြည်သားများအနေနဲ့လည်း အားတက်သရော ဘယ်လို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသင့်သလဲဆိုတာ ယာယီသမ္မတကြီးအနေနဲ့ ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ အဓိကတော့ ကျွန်တော်တို့က ဘက်ပေါင်းစုံက ကြိုးစားဖို့လိုတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုတွေလည်း ပြည်ထောင်စုရဲ့အကျိုးကို ရည်မှန်းပြီးတော့ အမြင်ကျယ်ကျယ်နဲ့ လုပ်ဖို့လိုတယ်။ တချို့ပြောဆိုနေကြတာတွေက တော်တော်လေးကို အားနည်းချက်တွေရှိတယ်လို့ ကျွန်တော်မြင်တယ်။ အဓိကတော့ သူတို့နိုင်ငံရေးအရ ဘာသာရေးအရ တိုင်းရင်းသားရေးအရ တချို့ပြောဆိုနေတာလေးပေါ့။ ပြောဆိုတာလေးတွေက ဒီထက်ပိုပြီး အမြင်ကျယ်ကျယ်နဲ့ ပြောဆိုလုပ်ကိုင်မယ်ဆို ပိုကောင်းမယ်လို့ ကျွန်တော်မြင်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့တွေ ကြိုးစားအားထုတ်မှုလည်း လိုတယ်။ ကြိုးစားအားထုတ်တာက နှစ်ပိုင်းပေါ့။ တစ်ခုကတော့ ပညာသင်ကြားရေးအပိုင်းကို သွားရမယ်။ ဒါက ငြင်းပယ်လို့မရဘူး။ ပကတိတိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့အခြေအနေက ပညာရေးအားနည်းချက်ရှိတယ်လို့ ပြောရမှာပဲ။ ဒုတိယက ဘာလဲဆိုရင် ကုန်ထုတ်လုပ်မှု၊ အလုပ်လုပ်ဖို့ လိုတာပေါ့။ ဒီနှစ်ခု ကျွန်တော်တို့ လုပ်ကိုလုပ်ရမယ်။ ကျွန်တော်ပြောခဲ့ဖူးပါတယ်။ အဲဒါ ဘာလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့က သယံဇာတပစ္စည်းတွေအပေါ်မှာပဲ ရောင်းတာပေါ့။ တွင်းထွက်ပစ္စည်းတွေ၊ ရေနံဓာတ်ငွေ့တွေ ရောင်းတာရှိမယ်။ နောက်တစ်ခါ သစ်တောထွက်ပစ္စည်းတွေ ရောင်းတာရှိမယ်။ ဒါပေမယ့် ကျွန်တော်တို့က အလုပ်လုပ်ပြီး ထုတ်လို့ရတဲ့ပစ္စည်း တင်ပို့ရောင်းချမှုက အားနည်းပါတယ်။ ဒါ ကျွန်တော်က ထောက်ပြပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ရေမြေတောတောင်တွေကို အသုံးချပြီးတော့မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို သွားဖို့လိုတယ်။ အဲဒါတော့ ခိုင်မာတဲ့လုပ်ငန်းပဲ။ ခုနက သယံဇာတထုတ်ရောင်းတယ်ဆိုတာ ခိုင်မာတဲ့လုပ်ငန်းတော့ မဟုတ်ဘူး။ ခိုင်မာတဲ့လုပ်ငန်းဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော် ကာဇက်စတန်သွားတဲ့အချိန်မှာ သတိပြုမိတာရှိတယ်။ ကျွန်တော်တို့က GDP မှာ သုံးခု ဖော်ပြပါတယ်။ ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးပေါ့။ သူတို့က စိုက်ပျိုးရေးကဏ္ဍ တော်တော်နည်းတာတွေ့တယ်။ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍကတော့ တော်တော်လေး များတာတွေ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ၂၀ ရာခိုင်နှုန်းလောက်ရှိတာပေါ့။ သူတို့လည်း သတိပြုမိမယ်ထင်ပါတယ်။ အခု သူတို့လည်း စိုက်ပျိုးရေးတွေ၊ ကုန်ထုတ်လုပ်မှုတွေ တော်တော်လေး အားပေးနေတာ တွေ့ပါတယ်။ သူတို့နိုင်ငံမှာ လာရောက်အလုပ်လုပ်ကိုင်မယ်ဆိုရင် ချက်ချင်းကို တိုတောင်းတဲ့ကာလအတွင်းမှာ ခွင့်ပြုပေးတယ်လို့ ပြောတယ်။ ကျွန်တော်တို့ဆီမှာလည်း ကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ရင် လူတိုင်းက စိတ်ဝင်စားဖို့လိုတယ်။ အရောင်းအဝယ်ထက် ကုန်ထုတ်လုပ်မှုကို အရင်စလုပ်ပြီးတော့ ကုန်ထုတ်လုပ်မှုကတစ်ဆင့် တိုင်းပြည်ဝင်ငွေကို ရအောင်ရှာရမှာ ဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အနေနဲ့ သတိပြုမိဖို့လိုတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**မေး ။ ။ ယခုခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်ဖြစ်ခဲ့ပြီး ယာယီသမ္မတကြီးအနေနဲ့ နေ့မအား၊ ညမနား ဆောင်ရွက်ခဲ့တာတွေကို မြင်တွေ့ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်ရှင့်။ ယာယီသမ္မတကြီးအနေနဲ့လည်း ဒီခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အောင်မြင်မှုတွေကို ပြောပြပေးပါဦးရှင့်။**

ဖြေ ။ ။ အောင်မြင်တဲ့ ခရီးစဉ်ပါဗျ။ ရုရှားနိုင်ငံကို ကျွန်တော်တို့ သွားတဲ့အချိန်မှာ အဏုမြူကိစ္စနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ နောက်တစ်ခါ အာကာသနဲ့ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒီနှစ်ခုကို သဘောတူညီချက် ယူခဲ့တာရှိပါတယ်။ အဲဒါလည်း နိုင်ငံအတွက် ခြေလှမ်းသစ်တွေ စပြီး ချလိုက်တာပေါ့။ နောက်တစ်ခုက ကာဇက်စတန်နိုင်ငံပေါ့။ ကာဇက်စတန်နိုင်ငံက တရားဝင်လွတ်လပ်ရေးရတာတော့ ၁၉၉၁ ခုနှစ် နောက်ပိုင်းကျမှ

စာမျက်နှာ ၅ သို့

*စာမျက်နှာ ၄ မှ*

လွှတ်လပ်ရေးရတာပါ။ ဒါပေမယ့် သမိုင်းကြောင်းအခြေခံက အများကြီးရှိခဲ့ပါတယ်။ သူ့ရဲ့ လူသားအရင်းအမြစ် သဘာဝအရင်းအမြစ်တွေကို အသုံးချပြီး လုပ်တဲ့အခါမှာ အခုတိုးတက်မှုတွေက မျက်ဝါးထင်ထင် မြင်ရတာပေါ့။ ဒီလိုပဲ အက်စတာနာမြို့တော်တည်လာတာ ကျွန်တော်တို့ နေပြည်တော်ထက် နည်းနည်းလေးပဲ စောပါတယ်။ ဒါပေမယ့် သူတို့ကတော့ မြေအနေအထား အတော်လေးသေးတဲ့အတွက်ကြောင့် တည်ဆောက်ရေးက အတော်လေးအားရတာပေါ့လေ။ အတုယူစရာတွေ တွေ့တာပေါ့။ ကျွန်တော် သွားကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း ဒီလိုမျိုးတိုးတက်တဲ့ မြို့ပြတည်ဆောက်မှုတွေ ဘယ်လိုလုပ်ကြမလဲဆိုတာလည်း စဉ်းစားလုပ်ကိုင်လို့ရတာပေါ့။ ဒါကလည်း အောင်မြင်မှုလို့ ကျွန်တော်ပြောချင်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဒီရေတောစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဒီရေတောစိုက်ခင်းများ ရှင်သန်အောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက် ၄၇ ရှိ ၄/၂၀၁၈ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀ ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားသောအပင်များ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ကဒုံကနိကြိုးဝိုင်းအကွက် ၄၉ ရှိ မြိုးမွေးကျွန်းပျိုးဥယျာဉ်အတွင်း ဒီရေတောပျိုးပင်များ ပျိုးထောင်နေမှုနှင့် မြိုးမွေးကျွန်းအတွင်း သဘာဝဒီရေတောအား ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာရေးနှင့် သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သဘာဝဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဒီရေတောစိုက်ခင်းများ ထပ်မံတိုးချဲ့တည်ထောင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ သဘာဝဒီရေတောများနှင့် ဒီရေတောစိုက်ခင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှုကို လျော့ကျစေခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်ပျက်စီးမှုများကို အဟန့်အတားဖြစ်စေခြင်း၊ ငါးပုစွန်တို့ ပေါက်ပွားရာနေရာများ တိုးပွားလာစေခြင်း၊ ဒေသခံများ၏ လူနေမှုဘဝ တိုးတက်လာစေရန် အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသခံများအနေဖြင့် မိမိဒေသရှိ ဒီရေတောများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ပင်လယ်ကမ်းရိုးတန်းနှင့် ဒီရေရောက်ဒေသများတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ကမ်းရိုးတန်းရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ်ကာကွယ်ရန်၊ ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို အကာအကွယ်ပေးနိုင်ရန်အတွက် လမုပင်နှင့် အုန်းပင်များ တိုးမြှင့်စိုက်ပျိုးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။



မွန်းလွဲပိုင်းတွင် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် ၆၄ ရှိ ၁/၂၀၁၇ ဒီရေတောစိုက်ခင်းဧက ၈၅၀ ရှင်သန်အောင်မြင်နေမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားမှုကိုလည်းကောင်း၊ အကွက်အမှတ် ၆၃ ရှိ ၁/၂၀၁၉ ဒီရေတောစိုက်ခင်းဧက ၅၀၀ ရှင်သန်အောင်မြင်မှုကို လည်းကောင်း၊ အကွက်အမှတ် ၆၂ ရှိ ၃/၂၀၂၅ ဒီရေတောစိုက်ခင်းဧက ၂၀၀ စိုက်ပျိုးပြီးစီးမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီရေတောဖုံးလွှမ်းမှုဧရိယာဧက စုစုပေါင်း ၁ ဒသမ ၂၆ သန်းရှိပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဒီရေတောဖုံးလွှမ်းမှုဧရိယာဧက ၁ ဒသမ ၂ သိန်းခန့်တိုးတက်လာသည်ကို တွေ့ရှိရပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဒီရေတောစိုက်ခင်းဧက ၂၃၀၀၊ အပင် ၂ ဒသမ ၇၈ သန်း တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီမှစတင်၍ ဒီရေတောစိုက်ခင်းဧက ၃၃၀၀၊ အပင် လေးသန်းခန့်တိုးချဲ့တည်ထောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "Strengthening Sustainable Value Chain in Natural Rubber Production through Responsible Practices" အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

ရော်ဘာတန်ဖိုး ကွင်းဆက်တစ်လျှောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုစီးပွားရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများ၊ ပွင့်လင်းမြင်သာမှုနှင့် နောက်ခံအချက်အလက် ချိတ်ဆက်ခြေရာခံနိုင်မှုစနစ်များ ရေရှည်တည်တံ့ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်မှုအတွေ့အကြုံများကို IRRDB အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း မျှဝေဖလှယ်ရန် ရည်ရွယ်ကျင်းပသည့် "Strengthening Sustainable Value Chain in Natural Rubber Production through Responsible Practices" အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ Zealax Hotel Yangon ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ IRRDB အဖွဲ့ဝင်နိုင်ငံများမှ ပညာရှင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာ့သဘာဝရော်ဘာရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း၊ မြန်မာ့ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာလုပ်ငန်းနှင့်ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက IRRDB အဖွဲ့ဝင်နိုင်ငံများအတွင်း အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံများ ဝေမျှခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ ကိုက်ညီအောင် ညှိနှိုင်းဆောင်ရွက်ပြီး EUDR စံနှုန်းများနှင့်ကိုက်ညီသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပူးပေါင်းချိတ်ဆက် တည်ဆောက်ထားသည့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးဆိုင်ရာ အစီအစဉ်များနှင့် မူဝါဒချိန်ညှိမှုများက သစ်တောပြုန်းတီးမှု အန္တရာယ်များကို စုပေါင်းဖြေရှင်း ကာကွယ်နိုင်စေမည်ဖြစ်ကြောင်း၊ အလားတူ အရည်အသွေးအာမခံချက်ကို ထိခိုက်စေသည့် ဒေသတွင်း အရည်အသွေးနိမ့်ကျသော ရော်ဘာများကို ဈေးနှုန်းချိုသာစွာ ရောင်းဝယ် ဖောက်ကားနေမှုကို စုပေါင်းထိန်းချုပ်ကြရမည်ဖြစ်ကြောင်း။

**တိုက်တွန်းပြောကြား**

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ရော်ဘာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာနှင့် အတွေ့အကြုံများ ဖလှယ်နိုင်ကြပြီး ပိုမိုကောင်းမွန်သော ဆွေးနွေးသုံးသပ်ချက်များ ဖော်ထုတ်ခြင်းကို IRRDB ရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ဝင်များအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့် IRRDB ၏ အထွေထွေအတွင်းရေးမှူး Dr. Abdul Aziz တို့က အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က မိတ္ထီလာမြို့ အမှတ် (၁) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ ၌ အဆိုပါတပ်မတော်ဆေးရုံမှ ဗိုလ်မှူးချုပ် ထွန်းထွန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းနှင့်အဖွဲ့က သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရပစ္စည်းများ ပေးအပ်စဉ်။ ချမ်းသာ(မိတ္ထီလာ)



ကော့ကရိတ်မြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၂၄၂ ဒသမ ၁၈ သန်းဖြင့် အမှတ်(၃) ရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်း လမ်းသားတိုးချဲ့ခြင်း၊ စက်ကြီးလမ်းနှင့် ဘုရင့်နောင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ အမှတ်(၆) ရပ်ကွက် ကျောင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၈၉
ရက်
သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိ ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ၃၀ - ၉ - ၂၀၂၅ ရက်နေ့မှ ၁၃ - ၁၀ - ၂၀၂၅ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်း ရရှိနိုင်မည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ ( ၃ ) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့)ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ အတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ခြင်းနှင့်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

## အဆောက်အအုံများ မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး စနစ်တကျ တွက်ချက်တည်ဆောက်



နေပြည်တော် စက်တင်ဘာ ၂၉

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်နေမှု အခြေအနေ၊ ရုံးအဆောက်အအုံများ ပြုပြင်ဆောင်ရွက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ဦးစွာ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌသည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုမ္ပဏီအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းများလျာထားချက်၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်ရာတွင် မြေစမ်းသပ်ခြင်းအား စနစ်တကျဆောင်ရွက်ရန်၊ အကွက်ချပုံစံ ကိုက်ညီမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်ရန်၊ အဆောက်အအုံများ မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး စနစ်တကျ တွက်ချက်တည်ဆောက်ရန် မှာကြားပြီး အသစ်တည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှုများကြီးမား၍ အန္တရာယ်ရှိသဖြင့် ဖြိုဖျက်ခဲ့ရသော ဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲ လေးထပ်အဆောက်အအုံ ၂၃၀ အသစ်ပြန်လည်တည်ဆောက်ပေးရန် လျာထားရာတွင် ပထမအဆင့် အဆောက်အအုံ ၅၂ လုံး စတင်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများအဖြစ် စနစ်တကျ တည်ဆောက်လျက်ရှိသည်။

### စနစ်တကျ တွက်ချက်စစ်ဆေး

မန္တလေးငလျင်ကြီးကြောင့် အပြာရောင်အဆင့် ပျက်စီးခဲ့သော အဆောက်အအုံ ၆၈၃ လုံး ရှိပြီးပြင်ဆင်ပြီး ၆၅၄ လုံး၊ ပြင်ဆင်ဆဲ ၂၉ လုံး ဖြစ်သည်။ လိမ္မော်ရောင်အဆင့် ပျက်စီးခဲ့သော အဆောက်အအုံ ၄၂၆ လုံးရှိပြီး ပြင်ဆင်ပြီး ၁၄ လုံး၊ ပြင်ဆင်ဆဲ ၄၀၅ လုံးနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် အဆောက်အအုံ ခုနစ်လုံးဖြစ်သည်။ အနီရောင်အဆင့်ပျက်စီးခဲ့သော အဆောက်အအုံ ၂၂၈ လုံးရှိပြီး ပြင်ဆင်ဆဲသုံးလုံးနှင့် ပြင်ဆင်ရန် ၂၂၅ လုံးဖြစ်သည်။ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့် ပျက်စီးခဲ့သော အဆောက်အအုံများကို ပျက်စီးမှုအမျိုးအစားအလိုက် ပြင်ဆင်ရမည့် နည်းလမ်းများကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အသိအမှတ်ပြုလက်မှတ်ရ (Professional Engineering – PE) (RSE) တို့ဖြင့် စနစ်တကျ တွက်ချက်စစ်ဆေး၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ သွားရောက်၍ အဆောက်အအုံ ပြန်လည်ပြုပြင်နေသည့် အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ပျက်စီးမှုအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်(SOP)အတိုင်း ပြင်ဆင်ရန်၊ အဆောက်အအုံ၏ Structure ကို မူလထက် ပိုမိုခိုင်ခံ့စေရေး ငလျင်ဒဏ်ခံကွန်ကရစ်နံရံ (Shear Wall) များ စနစ်တကျတွက်ချက်၍ ထည့်သွင်းဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအဆောက်အအုံ ဘေးပတ်လည် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### စနစ်တကျ ကြပ်မတ်ဆောင်ရွက်

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအနေဖြင့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့ရသော နိုင်ငံပိုင်ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ အထူးအဆောက်အအုံများကိုမြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့မှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်း၍ ပျက်စီးမှုများစစ်ဆေးခြင်း၊ ပျက်စီးမှုအလိုက် အရောင်သတ်မှတ်၍ အဆင့်ခွဲခြားခြင်း၊ ဖြိုဖျက်ရမည့် အဆောက်အအုံများ သတ်မှတ်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဖယ်ရှားရှင်းလင်းခြင်း၊ အသစ်တည်ဆောက်မည့် အဆောက်အအုံများအတွက် မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး ဒီဇိုင်းတွက်ချက်ရေးဆွဲခြင်း၊ အဆောက်အအုံများ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို အရည်အသွေးကောင်းမွန်၍ ရေရှည်တည်တံ့စေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏ မေးမြန်းမှုများအား လက်ခံဖြေကြား

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ယခုကဲ့သို့ ဖြေကြားခဲ့ပါသည်-

မေး။ ယာယီသမ္မတကြီးရဲ့ ရုရှားနဲ့ ကာဇက်စတန်နိုင်ငံတွေကို အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့တဲ့အပေါ် မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရခဲ့လဲ၊ နောက်ပြီး ဒီခရီးစဉ်မှာ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်ကိုလည်း တက်ရောက်ခဲ့တဲ့အတွက်ကြောင့် ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာနိုင်မှာလဲဆိုတာကို အရင်ဦးဆုံး ဖြေကြားပေးပါဦးခင်ဗျာ။

ဖြေ။ အဓိကကတော့ ကျွန်တော်တို့ ဒီခရီးစဉ်မှာ အပိုင်းသုံးပိုင်းခွဲပြီး ပြောချင်ပါတယ်။ အပိုင်းသုံးပိုင်းကတော့ တစ်ပိုင်းစီက အရေးပါနေတဲ့အတွက်ကြောင့်မို့ ဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ ရုရှားပေါ့။ ရုရှားမှာ ရုရှားခရီးစဉ်၊ ပြီးရင်တော့ ကာဇက်စတန်ခရီးစဉ်၊ ပြီးရင်တော့ အပြန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမှာ ကျွန်တော်တို့ ခဏနားခဲ့သေးတယ်။ အဲ့ဒါတွေကို ကျွန်တော်ပြောချင်ပါတယ်။ ပထမဦးဆုံးကတော့ တစ်ခုနဲ့တစ်ခုကလည်း သဘောသဘာဝက နည်းနည်းကွာခြားတယ်။ ကွာခြားတဲ့အတွက် သုံးပိုင်းခွဲပြီးပြောမယ်။ ပထမဦးဆုံး ရုရှားနိုင်ငံမှာ ကျင်းပတဲ့ ROSATOM ကနေကြီးမှူးပြီး ကျင်းပတဲ့ ကမ္ဘာ့အဏုမြူ ရက်သတ္တပတ်ပေါ့။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ ဖိုရမ်ကြီးကို တက်ရောက်တာဖြစ်တယ်။ ပြီးရင် ရုရှားသမ္မတ H.E. Vladimir Vladimirovich Putin နဲ့ တွေ့ခဲ့တယ်။ အဲ့ဒီမှာ ကမ္ဘာ့နိုင်ငံ အသီးသီးကလည်း လာရောက်ပြီးတော့ World Atomic Week Forum ကို တက်ရောက်တာဖြစ်တယ်။ တက်ရောက်တဲ့အခါမှာ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာ အသုံးပြုနိုင်ဖို့၊ အဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီး နိုင်ငံတိုင်းက ငြိမ်းချမ်းစွာနဲ့ ပြည်သူလူထုအကျိုးအတွက် အသုံးပြုနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဆွေးနွေးခဲ့တာရှိပါတယ်။ ဆွေးနွေးခဲ့တဲ့နေရာမှာ တက်ရောက်တဲ့နိုင်ငံတွေရဲ့ အမြင်သဘောထားတွေကိုလည်း နားထောင်ခဲ့ရတယ်။ နိုင်ငံတော်ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းလည်းပြောခဲ့ရတယ်။ ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းနဲ့ မြန်မာနိုင်ငံရဲ့ သဘောထားလည်း ပြောခဲ့ရတယ်။ ဒီထဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံရဲ့ သဘောထားကတော့ အဏုမြူစွမ်းအင်ကို အသုံးပြုခြင်းရဲ့ အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှာ စွမ်းအင်ပေါ့လေ၊ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအင်တစ်ခုရရှိဖို့၊ ပြီးရင် ဆေးဘက်ဆိုင်ရာ၊ စိုက်ပျိုးရေးဘက်ဆိုင်ရာ သုတေသနတွေမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ရုရှားရဲ့ အဏုမြူစွမ်းအင်အေဂျင်စီဖြစ်တဲ့ ROSATOM နဲ့လည်း ကျွန်တော်တို့ သဘောတူလက်မှတ်တွေ ရေးထိုးခဲ့ရတာတွေ ရှိတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ရုရှားသမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံခဲ့တာရှိတယ်။

မစ္စတာ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံတဲ့ အခါမှာတော့ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရဆုံး မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် အမြဲတမ်းအမှတ်ပြုနေတဲ့အကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကို မဟာဗျူဟာမိတ်ဖက်နိုင်ငံတစ်ခုအနေနဲ့ အသိအမှတ်ပြုပြီးတော့ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားမယ့် အကြောင်းရင်းတွေ၊ နည်းပညာဖလှယ်မှုတွေ၊ အာကာသဆိုင်ရာနည်းပညာ၊ အဏုမြူစွမ်းအင်ဆိုင်ရာ နည်းပညာ၊ ကျန်တဲ့ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမယ့် နည်းပညာဖလှယ်မှုတွေ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒုတိယကတော့ ကာဇက်စတန်ခရီးစဉ်ပေါ့။ ကာဇက်စတန်ခရီးစဉ်နဲ့ ပတ်သက်ပြီး ကာဇက်စတန်နိုင်ငံကို မြန်မာနိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်



တစ်ဦး ပထမဦးဆုံး ရောက်ရှိတာဖြစ်ပါတယ် ။ ကာဇက်စတန်နိုင်ငံရဲ့ ထူးခြားချက်ကလည်း တော်တော်ထူးခြားတဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ သူဟာ အာရှတိုက်ရဲ့ အလယ်ပိုင်းမှာရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်တယ်။ သို့သော် အာရှတိုက်နဲ့ ဥရောပတိုက်ရဲ့အစပ်မှာ ရှိတယ်။ အာရှတိုက်ရဲ့ အလယ်မှာဖြစ်တဲ့အတွက်ကြောင့်မလို့ ခင်ဗျားတို့ ကျွန်တော်တို့ ကြားဖူးမှာပဲ။ အရင်တုန်းက ပထဝီနိုင်ငံရေးပေါ့ (Geopolitics Theory)တွေ ရှိတယ်။ အဲ့ဒီမှာတော့ Heartland၊ Greenland ၊ ကမ္ဘာ့ရဲ့ အလယ်ဗဟိုချက်နယ်မြေတို့၊ ဒီနယ်မြေတွေရဲ့ အရေးပါမှုကိုလည်း သိမှာဖြစ်မယ်။ ဒီနေရာဟာ ကမ္ဘာ့ရဲ့အလယ်ဗဟိုချက်နယ်မြေ အာရှ - ဥရောပတိုက်ပေါ့။ ကမ္ဘာမှာအကြီးဆုံး ကုန်းမြေရဲ့ အလယ်နယ်မြေဖြစ်တဲ့အတွက် သူ့ရဲ့နေရာကနေပြီး ကုန်းလမ်းပို့ဆောင်ရေးတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေအားလုံး ဖြတ်သန်းသွားတဲ့ သဘောရှိတယ်။ ပြီးရင် နိုင်ငံအနေနဲ့လည်း တိုးတက်အောင် ဆောင်ရွက်နေတယ်။ သူတို့ရဲ့ ပညာရေးကဏ္ဍလည်း မြင့်ပါတယ်။ ကျန်းမာရေးကဏ္ဍလည်း မြင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကဏ္ဍတွေနဲ့ ပတ်သက်ပြီးလည်း သမ္မတကြီးကိုယ်တိုင်က ရှင်းလင်းပြသခဲ့ပါတယ်။ ကျွန်တော်တို့ကိုလည်း သူတို့နိုင်ငံရဲ့ အခွင့်အရေး၊ ကျွန်တော်တို့နဲ့ ရင်းနှီးမြှုပ်နှံနိုင်မယ့် အခွင့်အရေး၊ ကျွန်တော်တို့နဲ့ တိုးတက်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ပြောခဲ့တာရှိပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ၊ IT နဲ့ ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ထူးခြားချက်ကတော့ ကာဇက်စတန်သမ္မတကြီးအနေနဲ့က မြန်မာနိုင်ငံက ပထမဦးဆုံးလာရောက်တဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက်ကြောင့်မလို့ တော်တော်ကို ဝမ်းသာအားရတယ်။ ကျေနပ်မှုရှိတယ်။ ဒါ့အပြင် တွေ့ဆုံပွဲအပြီးမှာ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ပြန်တဲ့အချိန်မှာ ကားပေါ်ထိလိုက်ပြီး နှုတ်ဆက်တာမျိုးပေါ့။ ဒါတွေထိ ရင်းနှီးဖော်ရွေမှုတွေ ပြတဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်ခု တိုးတယ်လို့ ပြောချင်ပါတယ်။ အပြန်ခရီးစဉ်မှာတော့ ကူမင်းမြို့ကို ဝင်ရောက်ခဲ့တယ်။ ကူမင်းကိုဝင်ရောက်တဲ့အချိန်မှာ ယူနန်ပြည်နယ်ရဲ့ ကွန်မြူနစ်ပါတီ အမြဲတမ်းပါတီဝင်ပေါ့နော်။ ဥပဒေရေးရာ အတွင်းရေးမှူး၊ ပြီးရင် ခင်ဗျားတို့ ကျွန်တော်တို့နဲ့ ရင်းနှီးနေကြတဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အရှေ့တောင်အာရှကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွင်းနဲ့ တွေ့ဆုံခဲ့တယ်။ အဲဒီမှာ အချက်လေးချက် ဆွေးနွေးခဲ့တယ်။

နံပါတ်တစ် အရေးကြီးဆုံးအချက်က အပြန်အလှန်ဆွေးနွေးတဲ့အခါမှာ မြန်မာနဲ့ တရုတ်နိုင်ငံတို့ဟာ မိတ်ဆွေအရင်းအချာ၊ အိမ်နီးနားချင်းနိုင်ငံ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်တယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်စိတ်ချမှုရှိပြီးတဲ့ နိုင်ငံတွေဖြစ်တယ်။ ဆက်သွယ်ဆက်ဆံရေးတွေတိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်တယ်။ ပြီးရင်တော့ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးကို တရုတ်အစိုးရအနေနဲ့လည်း မြန်မာအစိုးရနဲ့ လက်တွဲညီ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကုန်သွယ်ရေးစီးပွားမြှင့်တင်တဲ့အပိုင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပေါ့။ ဒါနဲ့ပတ်သက်ပြီးလည်း အဲဒီစီးပွားရေးစင်္ကြံမှာရှိတဲ့ စီးပွားရေးသဘောတူညီပြီးသားအချက်တွေ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံမှာရှိနေတဲ့ စီမံကိန်းတွေ ဒါတွေကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ နှစ်ဦးနှစ်ဖက် ထပ်လောင်းပြီးတော့ အတည်ပြုခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ထောက်ခံဆောင်ရွက်သွားမယ်။ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာလည်း သိစေချင်ပါတယ်။ ဒီတော့ ခရီးစဉ်တွေအားလုံးကို ချုံ့ပြီးပြောရရင်တော့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ၊ အိမ်နီးနားချင်း တရုတ်နိုင်ငံနဲ့လည်း မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီအခွင့်အလမ်းသစ်တွေကို မိမိရရ ဆုပ်ကိုင်နိုင်ဖို့အတွက် ကျွန်တော်ပြောနေကျစကားဖြစ်တဲ့ နံပါတ်တစ် ကျွန်တော်တို့ စည်းလုံးကြဖို့လိုတယ်။ နံပါတ်နှစ် ကျွန်တော်တို့ ခေတ်နဲ့အမီ တွေးခေါ်မြော်မြင်တတ်ဖို့ အရေးကြီးတယ်။ ကမ္ဘာကြီးမှာ ဒီနေ့ဘာတွေဖြစ်နေလဲ။ နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲ။ ကျွန်တော်တို့ မြန်မာမှာဘာတွေဖြစ်နေလဲ။ အမှန်တရားအတိုင်းပဲ သုံးသပ်ပြီးတော့ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွန်တော်တို့ ပြည်သူလူထုရဲ့၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် မှန်ကန်တဲ့ အတွေးအခေါ်တွေနဲ့ တွေးခေါ်ဆောင်ရွက်သွားကြဖို့ အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

မေး။ လက်ရှိခရီးစဉ်မှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တာရှိတယ်။ အနာဂတ်မှာရော မြန်မာနိုင်ငံအနေနဲ့ ဒီ Nuclear စွမ်းအင်နည်းပညာကို ဘယ်လိုအသုံးချဖို့ရှိလဲ။ ဒီပြင် မြန်မာပြည်ရဲ့ လျှပ်စစ်ဓာတ်အားတိုးတက်ရေးအတွက် အသေးစား Nuclear စက်ရုံတည်ဆောက်ဖို့ စီစဉ်နေတာရှိတယ်လို့ သိရပါတယ်။ အဲဒါကို ဘယ်ကာလလောက် စတင်ဖို့ရှိပါသလဲ။

ဖြေ။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့တာရှိတယ်။ ယခင်နှစ်ကတည်းကတိုင် MoU ပေါ့ဗျာ။ ထပ်လောင်းပြီးတော့ ရေးထိုးခဲ့တာရှိတယ်။ အဓိကကတော့ ကျွန်တော်တို့က ပထမဦးဆုံး အဏုမြူစွမ်းအင်အသုံးပြုနိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လုံခြုံတဲ့နေရာတွေ ဆက်လက်ပြီး ရွေးချယ်သွားဖို့ရှိတယ်။ အခုလည်း ရန်ကုန်မှာ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ဟိုမှာ World Atomic Week Forum လုပ်နေတဲ့အချိန်မှာပဲ ရန်ကုန်မှာလည်း ကျွန်တော်တို့ လုပ်ခဲ့တာမျိုးရှိတယ်။ ဒီအဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီး ကျွန်တော် အသိပေးလိုတာက အဏုမြူစွမ်းအင်ဆိုတာက လုံခြုံမှုရှိတဲ့စွမ်းအင်ဖြစ်ပါတယ်။ အဏုမြူစွမ်းအင်ဆိုတာသည် တည်ငြိမ်တဲ့လျှပ်စစ်ကိုပေးနိုင်တဲ့ စွမ်းအင်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုးတက်ဖို့ဆိုရင် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားက ဘယ်လောက်ထိ လိုတယ်ဆိုတာကို အားလုံးက သိပြီးဖြစ်လိမ့်မယ်။ လျှပ်စစ်စွမ်းအားလိုတဲ့နေရာမှာ တည်ငြိမ်တဲ့လျှပ်စစ်စွမ်းအင်ရရှိဖို့ အရေးကြီးတယ်။ ဥပမာ- ဆိုလာကနေ လျှပ်စစ်ရမယ်။ လေကနေ လျှပ်စစ်ရမယ်။ ပြီးရင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ စက်တွေကနေ လျှပ်စစ်စွမ်းအင်တွေရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လျှပ်စစ်စွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အမျိုးစုံပေါင်းပြီးတော့ ဆောင်ရွက်ရတာဖြစ်တယ်။ ဥပမာ ဆိုလာလျှပ်စစ်စွမ်းအင်ဆိုရင် ညဘက်မှာ မရနိုင်တော့ဘူး။ Wind Power လေစွမ်းအင်ဆိုတာလည်း လေတိုက်ခတ်မှု လျော့နည်းတဲ့အချိန်မှာ မရနိုင်တော့ဘူး။ ဒီအချိန်မှာ နိုင်ငံတစ်နိုင်ငံလုံးမှာရှိနေတဲ့ စွမ်းအင်အရင်းအမြစ်တွေ အားလုံးက အသုံးပြုပြီးတော့ လိုတဲ့စွမ်းအင်ကို ဒီဘက်စွမ်းအင်က ဖြည့်မယ်။ ဟိုဘက်က လိုတဲ့စွမ်းအင်ကို ဒီဘက်ကနေ ဖြည့်မယ်ဆိုတဲ့ဟာမျိုးတွေလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီစွမ်းအင်သည်လည်း အစပိုင်းရင်းနှီးမြှုပ်နှံမှုက ကြီးကောင်းကြီးမယ်။ နောက်ပိုင်းမှာတော့ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအားနဲ့ ဖွံ့ဖြိုးတိုးတက်မှု ရစေနိုင်တယ်။ ဒါကတော့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်တဲ့အပိုင်းပါ။ နံပါတ်နှစ်အပိုင်းကတော့ ဒီဟာကို ဆောင်ရွက်တဲ့နေရာမှာ Nuclear စွမ်းအင်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ထိတွေ့လာမယ်။ Nuclear စွမ်းအင်နဲ့ ပတ်သက်ပြီး သုတေသနပြုမှုတွေ၊ ဆေးဝါးဆိုင်ရာ သုတေသန၊ ကျန်တဲ့သုတေသနတွေအားလုံးကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါသည် ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ဆောင်ရမယ့် စွမ်းအင်တစ်ခုဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ အသိပေးလိုပါတယ်။

စာမျက်နှာ ၈ သို့

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း / အားကစားရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ နှစ် (၇၀၀)ပြည့် အားကစားကွင်းနှင့် ပိုးတန်းအားကစားကွင်းရှိ အားကစားကွင်း/အားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ နှစ်(၇၀၀)ပြည့် အားကစားကွင်းသို့ရောက်ရှိ၍ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းအတွင်း စိမ်းလန်းစိုပြည်စေရေး၊ ဘောလုံးကွင်းအတွင်းရှိ မြေနိမ့်သည့်နေရာများကို မြေဖို့၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ဘောလုံးကွင်းပတ်လည်ရှိ ရေနုတ်မြောင်းအဖုံးများနှင့် ဂိုးတိုင်များဆေးသုတ်သွားရန်၊ ဂိုးပိုက်များအား စနစ်တကျ တပ်ဆင်သွားရန်နှင့် အားကစားကွင်းအတွင်း ရေကူးကန်တည်ဆောက်မည့်မြေနေရာအား Layout Plan မြေပုံနေရာများဖြင့် ရေးဆွဲတင်ပြသွားရန်၊ အားကစားရုံအတွင်း ခိုငှက်များ မဝင်ရောက်နိုင်စေရေးအတွက် ဝင်ရောက်နိုင်သည့်နေရာများအား သံဆန်ခါများဖြင့် စနစ်တကျ ကာရံသွားရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ် ပိုးတန်းအားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ မြေရောတင်းနစ်ကွင်း မြေပြင်အက်ကြောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ကွင်းဆေးသုတ်ခြင်းများ ပြန်လည်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် စစ်ကိုင်းမြို့နယ် အသခ်ယာရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ဝန်ထမ်းများထမ်းဆောင်ရမည့် တာဝန် (၃)ရပ်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀)တို့ကို လေးစားလိုက်နာကြရန် လိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ ကိုယ်ရေးကိုယ်တာနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများနှင့် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

*စာမျက်နှာ ၇ မှ*

**မေး။** ယာယီသမ္မတကြီးအနေနဲ့ ခရီးစဉ်အတွင်းမှာ ရုရှားသမ္မတကြီးနဲ့ရော ကာဇက်စတန်သမ္မတကြီးနဲ့ရော တွေ့ဆုံဆွေးနွေးခဲ့တာရှိတယ်။ အဲဒီနှစ်နိုင်ငံနဲ့ အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုအလားအလာတွေက ဘယ်လိုဆက်ရှိနိုင်ပါသလဲ။

**ဖြေ။** နှစ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုတာတွေ ပိုပြီးတိုးတက်လာမယ့် အလားအလာရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း သူတို့အနေနဲ့ လိုလိုလားလားကို ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်တဲ့သဘောရှိပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ အပြန်ခရီးစဉ်မှာ ကူမင်းကို ဝင်ခဲ့တဲ့အခါမှာလည်း တရုတ်နိုင်ငံရဲ့ ကူမင်းမှာ တွေ့ရှိခဲ့တဲ့ ယူနန်ပြည်နယ်အစိုးရရဲ့ ပြောကြားချက်ပေါ့နော်။ ယူနန်ပြည်နယ်အစိုးရ ပြောကြားချက်ဆိုတာကလည်း တရုတ်ဗဟိုအစိုးရရဲ့ သဘောထားကိုပဲ ပြောကြားချက်ပဲဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး အပြုသဘောဆောင်ပြီး အားကောင်းတာတွေ့ရပါတယ်။ ဒီခရီးစဉ်အားလုံးမှာ အနှစ်ချုပ်ပြောရရင် ဒီနိုင်ငံ သုံးနိုင်ငံလုံးက မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကို ကြိုဆိုတယ်။ မြန်မာပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးအတွက် သူတို့အနေနဲ့ အမြဲတမ်းအားပေးလျက်ရှိတယ်။ ပြီးရင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်းအားပေးလျက်ရှိတယ်။ ဒီလိုအားပေးလျက်ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ မကြာမီမှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စည်းကမ်းစနစ်ကျတဲ့၊ စစ်မှန်ပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုတွေအားလုံးက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျှောက်လှမ်းသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

---

# ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေး

မြို့သစ် စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (KG) ကျောင်းသား၊ ကျောင်းသူများ ကိုယ်ခန္ဓာဖွံ့ဖြိုးစေရန်၊ အာဟာရ သင့်တင့်မျှတစွာ စားသုံးစေရန်နှင့် အာဟာရဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက သက်ဆိုင်ရာ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ အာဟာရကျွေးမွေးရာတွင် မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်မျိုးဇော်၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ (KG) ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

ဝင်းအိစွန်(ပြန်/ဆက်)



---

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ




မန္တလေး စက်တင်ဘာ ၂၉

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လျှော့ဘေးသင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေးအတွက် လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ သင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အမရပူရခရိုင်၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများ၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ သင်တန်းတက်ရောက်သူ ၁၀ ဦးအနက် အမှန်တကယ်လုပ်ငန်းထူထောင်ရန် ဆန္ဒရှိထူးချွန်သင်တန်းသူ ငါးဦးအား စနစ်တကျရွေးချယ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ငှားရမ်းသုံးစွဲခွင့်ပေးပြီး လုပ်ငန်းထူထောင်နိုင်ရေးဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ သုံးလအတွင်း လုပ်ငန်းဆောင်ရွက်ပြီး လုပ်ငန်းထူထောင်ပြီးသည့် ခြောက်လအကြာတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ရမည်ဖြစ်ပြီး လုပ်ငန်းအား သုံးနှစ်လုပ်ကိုင်ရမည်ဖြစ်သည့်အတွက် တစ်ပိုင်တစ်နိုင်မှသည် အသေးစားလက်မှုလုပ်ငန်းရှင်ဖြစ်လာသည်အထိ ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းအုပ်ဆရာကြီး ဒေါ်ခင်ဝင်းကြည်က ပုံမှန်ဖွင့်လှစ်နေသည့် သင်တန်းများအပြင် လျှော့ဘေးသင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများပြန်လည်ထူထောင်ပေးရေးအကောင်အထည်ဖော်ဆောင်ရွက်သည့် လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းထူထောင်သည့် သင်တန်းသူငါးဦးအား စီမံကိန်းဆိုင်ရာလုပ်ငန်းသုံးပစ္စည်း(တစ်ဦးလျှင် လက်ရက်ကန်းစင်တစ်စင်၊ ချည်ချခုံတစ်ခု၊ ရက်ဖောက်စုံတစ်ခု၊ ယောက်လုံးတစ်ခု၊ ကုန်ကြမ်းချည်ပေါင် ၂၀)တို့ကို ထောက်ပံ့ပေးအပ်၍ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ပြီးနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံမှ အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားလာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်မြို့ပြနှင့် ကျေးလက်များအကြား ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပုံမှန်သင်တန်းများ၊ ကာလတိုသင်တန်းများ သင်ကြားပို့ချပေးခြင်း၊ နည်းပညာအကူအညီပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)




## မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး (ပဌမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၉**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၄ ရက်တွင်ကျင်းပမည့် မန္တလေး တက္ကသိုလ် ရာပြည့်သဘင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး(ပဌမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေး တက္ကသိုလ် ရာပြည့်သဘင်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော်ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်ရာ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် လုပ်ငန်းများ ပြီးမြောက်စေရေး၊ လုပ်ငန်းများ လစ်ဟာမှုမရှိစေရေး၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့်ဆောင်ရွက်သွားရေးနှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် တင်ပြသွားရေးတို့ကို ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက ရာပြည့်သဘင်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး၊ လုပ်ငန်းစဉ်(၂၅)ချက်အပေါ် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကို နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်အဖြစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုစေမည့် ပညာရပ်များ ဆက်လက်မြှင့်တင်ဖြည့်ဆည်းပေးရန်၊ ပညာအခြေပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ဘွဲ့ကြို၊ ဘွဲ့လွန်လူငယ်များ၏ တီထွင်ဖန်တီးမှု စွမ်းရည်များ ပြသရန်၊ တက္ကသိုလ်၏ ရှေ့နှစ် ၁၀၀ မျှော်မှန်းချက်ချမှတ်ရန် စသည့် ရည်ရွယ်ချက်များဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**




## မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ၊ သံဃဒါနဆွမ်းလောင်းလှူပွဲတွင် ပင့်သံဃာတော် ၂၅၆၉ ပါးကို ဆွမ်းသပိတ်များ လောင်းလှူသွားမည်

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးမြို့၊ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား၏ (၁၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃဒါနဆွမ်းလောင်းလှူပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (အောက် တိုဘာ ၉ ရက်) နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး သာသနာတော်နှစ် ၂၅၆၉ နှစ် အထိမ်းအမှတ်အဖြစ် မန္တလေးမြို့လေးပြင်လေးရပ်မှ ပင့်သံဃာတော် ၂၅၆၉ ပါးကို ဆွမ်းသပိတ်များ လောင်းလှူသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား အရှေ့ဘက်မုခ်ဦးတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားမုခ်ဦးရှေ့တွင် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ် ရွတ်ဆိုပူဇော်ပြီးနောက် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ရက်အထိ သတ်မှတ်ထားသည့်အပြင် ပွဲတော်မတိုင်မီခုနစ်ရက်နှင့် ပွဲတော်အပြီးခုနစ်ရက်အထိကို ပွဲတော်ကာလအဖြစ် ကျင်းပပေးခြင်းဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ၊ ပွဲတော်လာလည်ပတ်ကြသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

သီတင်းကျွတ်ကာလများတွင်ကျင်းပသည့် မန္တလေးမြို့ရှိ အထင်ကရ ပွဲတော်များတွင်ရက်အရှည်ဆုံးကျင်းပသည့် ဘုရားပွဲတော်ဖြစ်ပြီး ဒေသခံပြည်သူများသာမက ပြည်တွင်း၊ ပြည်ပ ဘုရားဖူးလာပြည်သူများနှင့် လည်ပတ်ကြသူများ၊ ရိုးရာဓလေ့မြန်မာမုန့်မျိုးစုံများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းများရောင်းချသည့် ဈေးဆိုင်ခန်းများဖြင့် နှစ်စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀-၀

## မန္တလေးမြို့ မြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်များနှင့် ပြည်ကြီး မဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးမြို့ မြို့ဝင်၊ မြို့ထွက် စစ်ဆေးရေးဂိတ်များနှင့် ပြည်ကြီးမဂ်လာ ကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်ကားကြီးကွင်း)တွင် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ တရားမဝင်စက်သုံးဆီနှင့်ကုန်စည်များ နည်းမျိုးစုံ၊ ပုံစံမျိုးစုံတို့ဖြင့် ဖြတ်သန်းသယ်ဆောင်မှုမရှိစေရေး၊ ယာဉ်များအား စိစစ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်ကြောကျပ်တည်းခြင်း မဖြစ်ပေါ်စေရေးနှင့် ခရီးသွားပြည်သူများအခက်အခဲမရှိစေရေး၊ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကာ အဂတိလိုက်စားမှုများ မဖြစ်ပေါ်လာစေရေး၊ ပူးပေါင်းစစ်ဆေးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် အချင်းချင်း အချိတ်အဆက်မိမိဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး စိစစ်ရေးလုပ်ငန်းအဖွဲ့နှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ကြုံတွေ့နေရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



## ရွှေကောက်ပွဲဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တန့်ယန်း စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်၊ တန့်ယန်းမြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်းမျိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအမ်ဖော်နော်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးသစ်ထွန်းတို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရပ်/ကျေး စာရေးဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ မုံရွာခရိုင်ဗိုလ်စွဲ

**မုံရွာ စက်တင်ဘာ ၂၉**

၂၀၂၅ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၆ ရက် ညနေပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ မုံရွာခရိုင်အသင်းက ဟုမ္မလင်းခရိုင်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပထမဆုရရှိသည့် မုံရွာခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ခုနစ်သိန်းနှင့် တံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်ခဲ့သည်။

ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၏ Fitness Dance အကဖြင့် ဖျော်ဖြေကြပြီး ဗိုလ်လုပွဲစဉ်အဖြစ် မုံရွာခရိုင် အမျိုးသမီးဘောလုံးအသင်းနှင့် ဟုမ္မလင်းခရိုင် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ဆုချီးမြှင့်ရာတွင် Fitness Dance အကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး အားကစားသမားဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေနှင့်ဆုတံဆိပ်အား ပေးအပ်ချီးမြှင့်သည်။

ပူးတွဲတတိယဆုရရှိသည့် ကသာခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်း၊ ပူးတွဲတတိယဆုရရှိသည့် ကလေးခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဆုရရှိသည့် ဟုမ္မလင်းခရိုင်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၃၉၄)**

## ဒီဂျစ်တယ်နည်းပညာအသုံးပြု ဈေးကွက်ရှာဖွေအသုံးချသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် MSME Association မှဖွင့်လှစ်သည့် ဒီဂျစ်တယ်နည်းပညာ အသုံးပြု ဈေးကွက် ရှာဖွေအသုံးချသင်တန်းအမှတ်စဉ်(၂)ကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်၊ သပြေကုန်းရှိ MSME Association အသင်း ရုံးခန်းမတွင် ဖွင့်လှစ်ခဲ့သည်။

"ဒီသင်တန်းကို အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ လူမှုစီးပွားဘဝစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်နဲ့ Digital Marketing ခေတ်ကြီးထဲမှာ မိမိတို့ရဲ့ ကုန်ပစ္စည်းတွေကို အကောင်းဆုံး၊ အထိရောက်ဆုံး ဈေးကွက်မြှင့်တင်နိုင်စေဖို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ဒီသင်တန်းမှာ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းရှင်တွေအတွက် အဓိကအကျိုးပြုစေမယ့် Digital Marketing နဲ့ပတ်သက်တဲ့ ဘာသာရပ်တွေဖြစ်တဲ့ Social Media Marketing, Google Marketing, Video Marketing, Content Writing, Website Development စတဲ့ ဘာသာရပ်တွေကို သင်ကြားပေးနေတာဖြစ်ပါတယ်"ဟု နေပြည်တော် MSME Association မှ အသိပညာ၊ နည်းပညာနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးနိုင်ထက်လင်းက ပြောကြားသည်။

အဆိုပါ သင်တန်းတွင် နေပြည်တော် ရှစ်မြို့နယ်မှလုပ်ငန်းရှင် ၂၀ ဦး တက်ရောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များနှင့် ပတ်သက်သည့် Digital Marketing သင်တန်း အပါအဝင် သင်တန်းများစွာကိုလည်း စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) သက်ကြီးသတင်းစာဆရာကြီးများ ကန်တော့ပွဲကျင်းပမည်

**မန္တလေး စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) သက်ကြီးသတင်းစာဆရာကြီးများအား ကန်တော့ပွဲကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၈ရက် ညနေ ၄ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀၊ ၆၄လမ်းနှင့်၆၅လမ်းကြားရှိ မဏ္ဍရာမိုးကောင်းကင်ကဖေးတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမျိုးမင်းမင်းက ဝါကျွတ်ကာလ သက်ကြီးသတင်းစာဆရာကြီးများအား ဂါရဝပြုကန်တော့ပွဲကျင်းပနိုင်ရေး ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးဘဦး၊ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းနှင့် အမှုဆောင်များက ကန်တော့ခံသတင်းစာ ဆရာကြီးများအား သတ်မှတ်ရွေးချယ်ခဲ့ကြပြီး အောက်တိုဘာ ၁၈ ရက်တွင် ချစ်ခင်လေးစားရသော စာရေးဆရာများနှင့် သတင်းစာဆရာကြီးများ ကန်တော့ပွဲအဖြစ် ကျင်းပကန်တော့နိုင်ရန် ဆွေးနွေးဆုံးဖြတ်အတည်ပြုခဲ့ကြသည်။

ထို့နောက် သက်ကြီးသတင်းစာဆရာကြီးများအား ကန်တော့ပွဲကျင်းပနိုင်ရေးအတွက် မန္တလေးမြို့ ဦးကိုကိုထွေး+ဒေါ်စန်းစန်းဝင်း(ငွေကုံကော် သစ်သီးပွဲရုံ)မှ အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမျိုးမင်းမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေး ဈေးဆက်လက်တည်ငြိမ်

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းသည် ယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် စက်တင်ဘာ ၂၉ရက်မှ အောက်တိုဘာ ၅ရက်အထိ ရည်ညွှန်းဈေးသည် ငွေကျပ် ၆၆၁၀ ဖြစ်သဖြင့် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တည်ငြိမ်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**(မန္တလေးနေ့စဉ်-၅)**

## အပတ်စဉ် တနင်္လာနေ့တိုင်း ကော်မတီပိုင်ဈေးများတွင် ပလတ်စတစ်မသုံးစွဲရေးနေ့အဖြစ် ဆောင်ရွက်လျက်ရှိ



**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန၊ သန့်ရှင်းရေးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ အပတ်စဉ်တနင်္လာနေ့တိုင်း ကော်မတီပိုင်ဈေးများတွင် ပလတ်စတစ်မသုံးစွဲရေးနေ့အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အပတ်စဉ်ပလတ်စတစ်မသုံးစွဲရေးနေ့အဖြစ် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ဆရာစံဈေးနှင့် ချမ်းအေးသာစံမြို့နယ် ရတနာပုံဈေးတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး၊ မသုံးစွဲရေးအတွက် ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်လာပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပလတ်စတစ်အစားထိုး အိတ်များ ဝေငှပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဈေးဝယ်သူများအနေဖြင့် ဈေးသို့ ဈေးဝယ်လာစဉ် ပလတ်စတစ်သုံးစွဲမှု လျှော့ကျစေရန် ဈေးဝယ်အိတ်များ၊ ဈေးခြင်းတောင်းများဖြင့် သတိပြုဝယ်ယူမှုရှိလာကြောင်း၊ ပလတ်စတစ်အစား အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်များဖြင့် ပြောင်းလဲအသုံးပြုမှုများရှိလာကြောင်း ဈေးနှင့်သားသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအပတ်စဉ် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် မန္တလေးမြို့အတွင်းရှိ စည်ပင်သာယာဈေးများတွင် ဆောင်ရွက်လျက်ရှိပြီး ပညာပေးခြင်းနှင့် ပလတ်စတစ်သုံးစွဲမှု အမှန်တကယ်လျော့ကျစေရေး ပညာပေးလုပ်ငန်းများနှင့်အတူ ပညာပေးကာလနောက်ပိုင်းတွင် မလိုက်နာပါက အရေးယူမှုများအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## ပထမအကြိမ် မဲစာရင်းကြေညာရန်အတွက် မဲစာရင်းစိစစ်ခြင်းအခမ်းအနားကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပထမအကြိမ် မဲစာရင်းကြေညာရန်အတွက် မဲစာရင်းစိစစ်ခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်မောင်ချို က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးရဲမင်းသော်က ရပ်ကွက်၊ ကျေးရွာပြည်သူများအား လက်တွေ့စမ်းသပ်မဲပေးခြင်း၊ သရုပ်ပြခြင်းအစီအစဉ်များ၊ ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာမည့်အစီအစဉ်များ၊ ပထမအကြိမ်ကြေညာပြီးပါက ပြင်ဆင်ဖြည့်စွက်ရမည့် လုပ်ငန်းစဉ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများက ပထမအကြိမ်မဲစာရင်းကပ်ထား ကြေညာခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများက ပထမအကြိမ် မဲစာရင်းကြေညာရန်အတွက် မဲစာရင်းများကို စစ်ဆေးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ဈေးကွက်စောင့်ကြည့်စစ်ဆေးသူဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ပို့ချ

**ပခုက္ကူ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းပြီး လုံခြုံစိတ်ချမှုရှိစေရေး ယမန်နေ့ မွန်းလွဲ ၂နာရီက ခရိုင်စားသုံးသူရေးရာဦးစီးဌာန၌ ဈေးကွက်စောင့်ကြည့်စစ်ဆေးသူဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။

ရှေးဦးစွာ ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဋ္ဌေးအောင်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး စားသုံးသူကာကွယ်ရေးဥပဒေ၊ အွန်လိုင်းမှတ်ပုံတင်ခြင်း၊ ရောင်းဝယ်ခြင်းနှင့်မူပိုင်ခွင့်ဥပဒေများ၊ ကုန်ပစ္စည်းအမျိုးအစားအပေါ်မူတည်၍ သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးများ ပြည့်မီရေးနှင့် ကုန်အညွှန်းအမှတ်အသားများဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းတွင် ပခုက္ကူခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြပြီး စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ကိုယ်တိုင်ထုတ်လုပ်ဖြန့်ချိသောဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် တွေ့ကြုံနေရသည့် အခြေအနေများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရေးဆိုင်ရာ အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၃၄၀)**

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စိုက်ပျိုးသော ဟင်းသီးဟင်းရွက် ၅၁၇ ဧက ရိတ်သိမ်းပြီးစီး

**ကျွန်းလှ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စိုက်ပျိုးခဲ့သော ဟင်းသီးဟင်းရွက် ၅၁၇ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးရန် ၅၁၂ ဧက လျာထားပြီး ၅၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်သည်။

"ကျွန်တော်တို့ ကျေးရွာချောင်းမကြီးဘေးတစ်လျှောက်မှာ ချောင်းရေတင်ပြီး ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးကြပါတယ်။ ဒီနှစ်မိုးရာသီမှာ ငရုတ်၊ ရုံးပတီ၊ ခဝဲ၊ ဘူး၊ သခွား၊ ခရမ်း၊ ဖရုံ၊ ပြောင်းချိုစတဲ့ သီးနှံများစိုက်ပျိုးကြပြီး ဆောင်းရာသီ စိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဓာတုကင်းလွတ်သီးနှံများ ထွက်ရှိစေရန်အတွက် သဘာဝမြေသြဇာ၊ သဘာဝအားဆေးနှင့် ပိုးသတ်ဆေး၊ ပိုးနှင်ဆေးများ ပြုလုပ်သုံးစွဲရေး ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၀)**





## မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင်ကျေးရွာသွားလမ်း ကွန်ကရစ်လမ်းခင်းနေမှုအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင် ကျေးရွာသွားလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအား စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလွှင်တို့က ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင် ကျေးရွာသွားလမ်းအား တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၁၃၅ ဒသမ ၃၂၀ ဖြင့် ရွေ့ရောင်လွှင်ပြင်ကုမ္ပဏီမှအရှည် ၀/၂မိုင်၊အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်လမ်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**

# အဘိဓမ္မာ အခါတော်နေ့နှင့် ပဝါရဏာပြုသောနေ့

ခိုင်ဆက်ဝေ

သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့၊ မီးထွန်းပွဲတော်နေ့ဟု လူသိများကြပြီး ထိုနေ့သည် သံဃာတော်များ ဝါဆိုဝါကပ်ပြီးချိန် ပဝါရဏာပြုသောနေ့လည်း ဖြစ်သည်။ ထိုနေ့များသည် တစ်နှစ်လျှင် တစ်ရက်တည်းသာ ရှိသောနေ့များဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့၏ ၁၂ လရာသီပွဲများအနက် သီတင်းကျွတ်လ မီးထွန်းပွဲဟုဆိုကြပြီး ဝါတွင်းဥပုသ်သီတင်းကာလပြီးမြောက်သည့် နေ့လည်းဖြစ်သည်။

သီတင်းကျွတ်လပြည့်ညတွင် ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ကြွမြန်းတော်မူလာချိန်တွင် သိကြားဗြဟ္မာနတ်ဒေဝါများနှင့် လူပြည်လူ့ရွာမှ မင်းနှင့်တကွ အများပြည်သူတို့က အလင်းရောင်များ၊ ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။ ထိုသို့ ပူဇော်သက္ကာယ အမွှးပြုကြခြင်းဖြင့် မီးထွန်းပွဲတော်ဟု ဆိုကြသည်။ သီတင်းကျွတ်လပြည့်နေ့သည် ပဝါရဏာပြုသောနေ့၊ အဘိဓမ္မာအခါတော်နေ့၊ ပဝါရဏာပြုသောနေ့နှင့် မီးထွန်းပွဲတော်နေ့ဟူ၍ ဆိုနိုင်ပေသည်။



### ပဝါရဏာပြုသောနေ့

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်း၊ သံဃာတွေက မိမိတို့ဝါဆိုရာဒေသအလိုက် ပဝါရဏာပြုကြသည့်နေ့ဖြစ်ပြီး ယဉ်ကျေးမှုနှင့် စည်းလုံးမှုအတွက်အရေးပါသည်။ ပဝါရဏာဆိုသည်မှာ ဖိတ်ကြားခြင်း အဓိပ္ပာယ်ရပြီး မိမိတွင် တစ်စုံတစ်ခု အပြစ်ရှိခဲ့လျှင် ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ဝေဖန်ကြပါဟု အချင်းချင်း အပြန်အလှန် ဖိတ်ကြားပြောဆိုခြင်းဖြစ်သည်။ တစ်နှစ်လျှင် တစ်ကြိမ်သာ ပြုလုပ်သောနေ့ဖြစ်သည်ဟု ဆိုရပါမည်။

"ဗုဒ္ဓဒေသနာတော်တွေထဲမှာ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန်း၊ သံဃာတွေက မိမိတို့ဝါဆိုရာဒေသအလိုက် ပဝါရဏာပြုကြတဲ့နေ့ဖြစ်တယ်။ တကယ့် ယဉ်ကျေးမှုနဲ့ စည်းလုံးမှုအရေးပါတယ်။ ပဝါရဏာဆိုတာ ဖိတ်ကြားခြင်း အဓိပ္ပာယ်ရတယ်။ မိမိမှာ တစ်စုံတစ်ခုကျူးလွန်ထားတာရှိရင် ကိုယ်တိုင်သိလို့ဖြစ်စေ၊ တစ်ပါးသူထံက ကြားရသည်ဖြစ်စေ၊ သံသယရှိသည်ဖြစ်စေ အဲ့ဒီအပြစ်တွေကို ပြုပြင်ပါမယ်လို့ ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ဝေဖန်ကြပါ ရဟန်း၊ သံဃာများစုဝေးပြီး အချင်းချင်း အပြန်အလှန် ဖိတ်ကြားပြောဆိုတဲ့နေ့ဖြစ်လို့ ပဝါရဏာနေ့လို့လည်းပြောနိုင်တယ်" ဟု ပါမောက္ခချုပ်ဆရာတော်ကြီးက မိန့်ကြားခဲ့သည်။

သံဃာတော်အရှင်မြတ်တို့သည် ဝါကျွတ်ကာလတွင် မိမိတို့ ဝါဆိုရာဌာနမှ အခြားဒေသများဆီသို့ သာသနာပြုထွက်ခွာကြသည်ဖြစ်ရာ အတူသီတင်းသုံးနေထိုင်ခဲ့သော ကာလအတွင်း တစ်ဦးနှင့်တစ်ဦး အဆင်မပြေမှုများရှိခဲ့လျှင် ပြေပျောက်စေရန် ဖိတ်ကြားပြောဆိုခြင်း ဖြစ်သည်။ ထိုယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာတွင်သာရှိပြီး သီတင်းကျွတ်လပြည့်နေ့တွင်သာပြုလုပ်သော ပဝါရဏာပြုခြင်းဖြစ်သည်။ ထိုကဲ့သို့ပြုမူခြင်းကို လူသားများလည်း လုပ်သင့်လုပ်ထိုက်သည့်၊ လိုက်နာသင့်သည့် ယဉ်ကျေးမှုတစ်ခုလည်း ဖြစ်သည်ဟု ဆိုသည်။

"အပြစ်ရှိရင်ပြောပါ။ လိုက်နာပါမယ်၊ ပြင်ဆင်ပါမယ်။ သတိလက်လွတ်ချိန်တွေမှာ အမှားအယွင်းတွေ တစ်ဦးနဲ့တစ်ဦးရှိတဲ့အပေါ် အပြန်အလှန်နားလည်မှုပေးကြဖို့ ဖိတ်ကြားပြောဆိုကြတာက ပဝါရဏာပွဲပဲ။ မြတ်စွာဘုရားရှင် ကိုယ်တိုင် ရဟန်းတပည့်တွေကို အပြစ်ရှိရင်ပြောကြပါလို့ ဘုရားရှင်ကိုယ်တိုင် ဖိတ်ခေါ်တယ်။ ဘုရားလို ပုဂ္ဂိုလ်ကတောင် ပြောသေးတယ်။ ရဟန်းတို့ ငါ့အပေါ်မှာ ကာယကံမှု၊ ဝစီကံမှုနဲ့ ပတ်သက်လို့ ပြစ်တင်စရာရှိရင် ပြောကြပါလို့ သံဃာတော် ၅၀၀ ကို မိန့်ကြားတာက ဘုရားရှင်က ပဝါရဏာပြုခြင်း ဖြစ်တယ်။ အစဉ်အလာကောင်းတစ်ခုကို ဘုရားရှင်ကိုယ်တိုင် လက်ခံကျင့်သုံးတော်မူတယ်" ဟု ဆရာတော်ကြီးက ဟောကြားတော်မူခဲ့သည်။

### ဝါတွင်းကာလ

ဝါဆိုလပြည့်ကျော် ၁ရက်မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ တာဝတိံသာနတ်ပြည်မှ မယ်တော်မိနတ်သားအား အမှူးထားကာ နတ်ဗြဟ္မာအပေါင်းကို အဘိဓမ္မာတရားတော်များ ဟောကြားစဉ် လူ့ပြည်၊ လူ့ဌာနတွင်လည်း သံဃာတော်များ ဝါဆိုဝါကပ်ကြပြီး ဝါဆိုလပြည့်ကျော် ၁ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ အရုဏ်တက်ချိန်အထိ ဝါတွင်းသုံးလဟု ဆိုပါသည်။

ဝါဆိုဝါကပ်ချိန်တွင် သံဃာတော်များသည် ခရီးဒေသစာရီကြွချီခြင်းမပြုတော့ဘဲ ရောက်ရှိရာကျောင်းဘုံသာ၌ သီတင်းသုံးတော်မူကြရသည်။ မဖြစ်မနေသွားရောက်ရန် ခရီးဒေသစာရီရှိလျှင် ဝိနည်းတော်အတိုင်း လိုက်နာဆောင်ရွက်ရသည်။ ၄င်းကို ဝါပန်သည်ဟု ဆိုပါသည်။ ထို့အပြင် ဗုဒ္ဓဘာသာဝင်များကလည်း ဝါတွင်းကာလ၌ အိမ်ပြောင်း၊ အိမ်ရွှေ့ခြင်း၊ လက်ထပ်မင်္ဂလာပြုခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို ယနေ့တိုင် စွဲမြဲစွာကျင့်သုံးကြသည်။ ရှေးလူကြီးများပြောစကားအရ ဝါတွင်းကာလတွင် ငှက်များပင် အသိုက်မပြောင်းကြဟု ဆိုသဖြင့် တိရစ္ဆာန်များပင် လိုက်နာကြသည်ဟု ဆိုရပါမည်။

### အဘိဓမ္မာအခါတော်နေ့

မြတ်ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ(၇)ကျမ်းကို နတ်များနှင့် ထိုက်တန်အောင် လေးနက်သည့် အဘိဓမ္မာတရားတော်ကြီးကို သုံးလကြာဟောကြားသည့် အဘိဓမ္မာတရားပွဲကြီး ပြီးဆုံးသောနေ့၊ တရားနိဂုံးချုပ်သည့်နေ့ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခြင်းဖြစ်ရာ ဗုဒ္ဓသာသနာတော်တွင် ထူးခြားသည့်လပြည့်နေ့ဖြစ်သည်။

နတ်ပြည်၌ တရားဟောကြားနေစဉ် ဆွမ်းခံဆွမ်းစားချိန်ရောက်လျှင် ကိုယ်ပွားတော်ကို ဆက်လက်ဟောကြားစေခဲ့ပြီး မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ကမူ လူ့ပြည်သို့ဆွမ်းဘုဉ်းပေးခြင်း၊ နေ့စဉ်လာရောက်တွေ့ဆုံသည့် ရှင်သာရိပုတ္တရာမထေရ်မြတ်အား အဘိဓမ္မာအနှစ်ချုပ်များကို ဟောကြားသည်။ ရှင်သာရိပုတ္တရာက မြတ်စွာဘုရားအကျဉ်းချုပ်ဟောကြားသည့် အဘိဓမ္မာတရားကို မိမိဉာဏ်ဖြင့်စီစဉ်ပြီး တပည့်ရဟန်းငါးရာကို ထပ်ဆင့်ဟောကြားသည်။ ထို့ကြောင့် နတ်ပြည်၌ ဗုဒ္ဓဘုရားရှင်ဟောကြားသော အဘိဓမ္မာတရားတော်နှင့် လူ့ပြည်တွင် ရှင်သာရိပုတ္တရာဟောကြားသော အဘိဓမ္မာတရားတော်ဟူ၍ နှစ်မျိုးရှိသည်ဟု သိရသည်။

နတ်ပြည်၌ ဗုဒ္ဓဘုရားရှင်က အဘိဓမ္မာတရားတော်များသာ ရပ်နားမှုမရှိ ဟောကြားသည်ဟု ဆိုသော်လည်း ရံဖန်ရံခါတွင် တရားနာလာရောက်ကြသည့် နတ်များ၏ လိုအပ်ချက်များကို ထည့်သွင်း ဟောကြားသွားသည်များလည်းရှိကြောင်း သိရသည်။

"အဘိဓမ္မာတရားတော်ကိုပဲ ဟောတယ်လို့ အများက သိနေကြသော်လည်း ရံဖန်ရံခါ တရားနာတဲ့နတ်တွေအတွက် လိုအပ်တဲ့အချက်တွေကို ထည့်သွင်းဟောသွားတာတွေလည်း ရှိတယ်ဆိုတာ ပိဋကတ်စာပေ သဲလွန်စများအရ သုံးလပတ်လုံး အဘိဓမ္မာတရားဟောတယ်လို့ ယေဘုယျအားဖြင့် ဆိုနိုင်သော်လည်း နတ်တွေရဲ့ စရိုက်ဝါသနာတွေကိုကြည့်ပြီး တရားထူးတရားမြတ်ရစေဖို့အတွက် သုတ္တန်တရားများကိုလည်း ထည့်သွင်းဟောကြားတယ်လို့ မှတ်သားသင့်ကြောင်း" ပါမောက္ခချုပ်ဆရာတော်၏တရားကို နာယူမှတ်သားခဲ့ရသည်။

မြတ်စွာဘုရားရှင်ကို လူ့ပြည်ပြန်ကြွရန် နတ်ပြည်သို့ သွားရောက်ပင့်ဆောင်သူမှာ ရှင်မဟာမောဂ္ဂလာန်ဖြစ်ပြီး မြတ်စွာဘုရား မိန့်ကြားချက်အရ နတ်ပြည်မှ လူ့ပြည်ရှိ သင်္ကဿမြို့သို့ ဆင်းသက်ကြွတော်မူသည်မှာ သီတင်းကျွတ်လပြည့်နေ့ဖြစ်၍ လူ့ပြည်သို့ ဘုရားရှင်ခြေတော်အစုံချသည့်နေ့ ဖြစ်သည်။

လူ့ပြည်သင်္ကဿမြို့သို့ ဆင်းသက်စဉ် ရှင်မောဂ္ဂလာန်ကပင့်ဆောင်၍ သိကြားဗြဟ္မာ နတ်ဒေဝတာများက စောင်းတန်းသုံးသွယ်ဖြင့်လိုက်ပါပို့ဆောင်ကြရာ မြတ်စွာဘုရားလူ့ပြည် ခြေချချိန်တွင် ပထမဆုံးရှိခိုးဦးခိုက် နှုတ်ဆက်ခွင့်ရသူမှာ ရှင်သာရိပုတ္တရာဖြစ်၍ ရှင်သာရိပုတ္တရာ လျှောက်ထားချက်အရ ဗုဒ္ဓဘုရားရှင် လူ့ပြည်သို့ဆင်းသက်တော်မူစဉ် မြင်ကွင်းကို အာရုံပြုပူဇော်သည့်အနေဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်၊ လူ့ရွာမှ ရောင်စုံမီးများ၊ ဖယောင်းဆီမီးများ ထွန်းညှိပူဇော်ကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် အဘိဓမ္မာအခါတော်နေ့၊ မီးထွန်းပွဲတော်နေ့အပြင် ပဝါရဏာပြုသောနေ့ဟု မှတ်တမ်းပြုနိုင်ပြီး ထိုနေ့တွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘုရား၊ စေတီ၊ ပုထိုးများသို့ သွားရောက်ကန်တော့ကြည်ညို၍ ကောင်းမှုပြုကြခြင်း၊ မိဘဘိုးဘွားများကို ကန်တော့ခံပစ္စည်းများနှင့် ကန်တော့ကြခြင်း၊ ဖယောင်းဆီမီးထွန်းညှိပူဇော်ကြခြင်း စသည်ဖြင့် ကောင်းမှုကုသိုလ်ပြုကြသော နေ့ထူးနေ့မြတ် ဖြစ်ပါတော့သည်။

## တာချီလိတ်မြို့နယ် စာရေးဆရာအသင်းမှ 'ကဗျာကဗ္ဗာ' ခေါင်းစဉ်ဖြင့် စာပေစကားဝိုင်း ကျင်းပ

**တာချီလိတ် စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ 'သံလွင်ချယ်ရီ စာပန်းချီ' စကားဝိုင်းကို ကဗျာကဗ္ဗာခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်း နာယက ဦးစိုးစိုး (သုတစိုး-နေ့သစ်)က စာပေစကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အသင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၃ ခုနှစ် စာပေဗိမာန်စာမူဆုကဗျာပေါင်းချုပ် ဒုတိယဆုရ ဆရာမ ဒေါ်မိုးသန္တာလှ (ရွှန်းညို-တာချီလိတ်)က ကဗျာရသဖွဲ့စည်းမှု၊ ကဗျာရေးဖွဲ့မှု၊ စာပေဗိမာန်စာမူဆု ရရှိမှုအခြေအနေနှင့် ကိုယ်တိုင်ရေးစပ်ကဗျာတစ်ပုဒ်အား ရွတ်ဆိုခဲ့ပြီး အသင်းနာယက ဦးစိုးဝင်းသင်း (စိုင်းမောင်-တောင်ကြီး)က ကဗျာရသရေးဖွဲ့မှုများကို ဆွေးနွေးပြောကြားကာ တက်ရောက်လာသူများက ကဗျာရေးဖွဲ့မှုများနှင့် စပ်လျဉ်း၌ ဆွေးနွေးကြသည်။



ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးလှဌေး (ဝေယံလင်း)က အသင်းမှ စာပေအသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

## အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းနှင့် အမျိုးသားစာကြည့်တိုက်သို့ စာအုပ်၊ စာတမ်းများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)အုပ်ချုပ်ရေးပညာဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသားစာကြည့်တိုက်သို့ စာအုပ်၊ စာတမ်းများလှူဒါန်းခြင်းကို စက်တင်ဘာ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြန်မာသံတော်ဆင့်သတင်းဌာန ဓမ္မသံတော်ဆင့် စာပေထုတ်ဝေသူ စာတည်းမှူးချုပ် ဦးကျော်စွာဝင်းက စာအုပ်၊ စာတမ်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အုပ်ချုပ်ရေးပညာဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီမင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မန္တလေးမြို့ မြန်မာသံတော်ဆင့်သတင်းဌာန ဓမ္မသံတော်ဆင့်စာပေမှ ထုတ်ဝေဖြန့်ချိသော သမိုင်းဆိုင်ရာ ရည်ညွှန်းစာအုပ်များ၊ သုတ၊ ရသ စာအုပ်များ၊ သတင်းစာဂျာနယ်ပေါင်းချုပ်များနှင့် သချာၤပါမောက္ခ ဒေါက်တာခင်မောင်ဆွေ +ပါမောက္ခ ဒေါ်မြင့်မြင့်ခိုင်တို့ ရေးသားပြုစုထုတ်ဝေခဲ့သော သချာၤပညာရပ်ဆိုင်ရာစာအုပ်များနှင့် အာဇာနည်ခေါင်းဆောင်၏မှတ်တမ်းဝင်ဘဝဖြစ်စဉ်စာအုပ်များ၊ သက်ကြီးစာပေကန်တော့ခံ စာရေးဆရာကြီး မြိုင်-တင်လှိုင်ရေးသားသော စာအုပ်များ၊ ဦးအောင်ဆန်းထူး (မင်္ဂလာဒုံ)မှ လှူဒါန်းသော ပြည်ထဲရေးဝန်ကြီး(ငြိမ်း)ဦးတင်လှိုင် အမှာစာပါနိုင်ငံတော်အုပ်ချုပ်ရေး ပြည်ထဲရေးနှင့် သာသနာရေးစာအုပ် ၇၀ ကို အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးသို့ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့အပြင် အမျိုးသား စာကြည့်တိုက်သို့လည်း စာအုပ်၊ စာတမ်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)





ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များသည် သရက်မြို့ မြို့မအကျဉ်းထောင်၌ အကျဉ်းဦးစီးဌာနဝန်ထမ်းများနှင့် မိသားစုဝင်များအား မီးဘေးအသိပညာပေးဆောင်ရွက်ကာ မီးဘေးကြိုတင်ကာကွယ်ရေးစာတ်တိုက်ဆောင်ရွက်ခဲ့စဉ်။

(ကဆ)




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

### ချမ်းသာအေးမြ သီတင်းကျွတ်လ

\- - - - - - - - - - - - - - -

* နတ်ပြည်ထက်မှ ဗုဒ္ဓဆင်းလို့
ကောင်းမြတ်ခြင်း လရယ်မည်။
ကောင်းကင်ယံထက် နက္ခတ်ဆန်း
လွှမ်းအသသဝတီ။

* ကြီးတာရာကွယ့် တူယှဉ်တည်
စိုးမိုးသည် လင်းလက်သ။
ရပ်ရှစ်ခွင် ရောင်စုံခင်းပါတဲ့
သီတင်းကျွတ်လ။

* အဘိဓမ္မာ တရားပြပါလို့
ဝင့်ဒုက္ခ ငြိမ်းစေရာ
သံသရာကို မျှော်ထောက်ရှု
လျှောက်မှုလမ်းမှာ
ဆင်းရဲခြင်းနဲ့ ကင်းပစ္စာ
ချမ်းသာရာ လူ့ကြငှန်း။
မေတ္တာဝေ ကုသိုလ်ပြုလို့ရယ်
ကောင်းမှုဆင်မြန်း။

* ကြာပန်းတို့ ပွင့်ဖြာလန်း
မွှေးပျံ့လွှမ်း လှဖြာဆင်။
ဆီမီးထွန်း ပူဇော်ပွဲ
နွှဲလို့ပျော်ရွှင်။

* အနန္တငါးဖြာ ဦးထိပ်တင်
မြတ်ဂုဏ်အင် သိမှတ်ထား။
ပြုခဲ့မိသမျှ အပြစ်အပေါင်းတို့မှ
(ပျက်ပြယ်ကာ ကင်းစင်ပစေဖို့)
တောင်းပန်ဝပ်တွား။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပိုမိုသဘောပေါက်နားလည်လိုက်နာနိုင်စေရန် စာဖတ်ဝိုင်း ဆွေးနွေး

**ကန့်ဘလူ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပိုမိုသဘောပေါက်နားလည်လိုက်နာနိုင်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ်မှ အခန်း(၂၂)အထူးပင်စင်အကြောင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ်မှ အခန်း(၂၂)အထူးပင်စင်ပါ ခေါင်းစဉ်များအလိုက် တစ်ဦးချင်းဖတ်ကြားကာ ဝန်ထမ်းများက မိမိတို့ နားလည်သလို ပြန်လည်မျှဝေဆွေးနွေးကြပြီး ဦးစီးအရာရှိက ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဝန်ထမ်းများ၏ အရည်အသွေးများ တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို လိုက်နာနိုင်စေရေးတို့အတွက် စာဖတ်ဝိုင်းဆွေးနွေးပွဲများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

၀-၀-၀-၀-၀



## သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့တွင်) သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်ကြီး၌ ဆီမီး ၅၀၀၀ နှင့် မိုးပျံပူပေါင်းများ လွှတ်တင်ပူဇော်မည်




**မင်းဘူး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်ကြီး ဆီမီး ၅၀၀၀ နှင့် မိုးပျံပူဖောင်းများ လွှတ်တင် ပူဇော်သွားမှာဖြစ်ကြောင်း ဘုရား၏ ဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌ ဦးကျော်သိန်းထံမှ သိရသည်။

စက္ကိန်းတဲဘုရားကြီးတွင် သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ တန်ခူးလ၊ ကဆုန်လနှင့် အခါကြီး၊ ရက်ကြီးများတွင် ဆီမီးပူဇော်ပွဲ၊ မိုးပျံပူဖောင်း လွှတ်တင်ပွဲ၊ စတုဒိသာဧည့်ခံ ကျွေးမွေးပွဲ၊ ပဋ္ဌာန်းမြတ်ဒေသနာ ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စက္ကိန်းတဲဘုရားကြီးဂေါပကအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေး၍ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၏ အဆုံးအဖြတ်ကို ခံယူပြီး ဆီမီးပူဇော်ခြင်း၊ မိုးပျံပူဖောင်းလွှတ်တင်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်ပင်စက္ကိန်းတဲစေတီတော်ကြီး ဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌ ဦးကျော်သိန်းထံမှ သိရသည်။

(အပေါ်ဝဲပုံ)
(၅၀၄)



## စာအောင်ဆုနှင့် ဆုနှင်းသဘင် ကျင်းပသွားမည်

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်၊ ၆၂လမ်း၊ ၂၄လမ်းနှင့်၂၅လမ်းကြား၊ နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ စလင်းဝိဘဇ္ဇဝါဒီစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိလာသာဘိဝံသ မဟာထေရ်မြတ် ကြီးမှူးကျင်းပသော ပါဠိသဒ္ဒါ ပညာရှင် ရွေးချယ်ရေးစာမေးပွဲ၌ ဖြေဆိုအောင်မြင်တော်မူသော စာအောင်ဆုနှင့် ဆုနှင်းသဘင်ကို နတ်တော်လပြည့်ကျော် ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာပြည်အရပ်ရပ်၌ စာသင်တိုက်တော်တော်များများ စာချတန်းနားလည်နိုင်စွမ်းရှိအောင် သဒ္ဒါအခြေခံခိုင်ခိုင်ခံခံ လုပ်မပေးနိုင်သည်ကို သိမြင်လာပြီး သိသည်နှင့်အမျှ မိမိတပည့်များကို သဒ္ဒါအခြေခံခိုင်ခံရေး အမြဲသတိထားကြိုးပမ်းလာတယ်။ ဒါကြောင့် ယခုခေတ်စာသင်သားများ စာချတန်းများ လွယ်လွယ်ကူကူ နားလည်နိုင်စေရန်၊ ပါဠိစာပေကို ပညာရှင်အနေဖြင့် တတ်မြောက်နိုင်စေရန်၊ ကစ္စည်းသဒ္ဒါကျမ်းမပျောက်ကွယ်ရန် ရည်သန်၍ "ပါဠိသဒ္ဒါပညာရှင်ရွေးချယ်ရေးစာမေးပွဲ" ကျင်းပခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

၁၃၈၇ခုနှစ် ဝါခေါင်လပြည့်နေ့ ကျင်းပသောစာမေးပွဲ၌ ပထမဆင့်(အစ) ၂၂ ပါး၊ ပထမဆင့်(ကြို) နှစ်ပါး၊ ပထမဆင့် အောင် ၁၇ ပါး၊ ဒုတိယဆင့်အောင် ၁၃ ပါး၊ တတိယဆင့် အောင် ခြောက်ပါးတို့အား နတ်တော်လပြည့်ကျော် ၈ ရက်၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် စာအောင်ဆုနှင်းသဘင် အခမ်းအနားဖြင့် ဆက်ကပ်ချီးမြှင့်မည်ဖြစ်သည်။

စာမေးပွဲတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များ အဆင့်ခွဲခြားထားပြီး စာမေးပွဲကို စွမ်းနိုင်သလောက်အကြိမ်များစွာ ဖြေဆိုခွင့်ပြုထားပြီး ပထမအကြိမ် အောင်မြင်ရာ၌သာ ဘွဲ့လက်မှတ်ဆက်ကပ်မည်ဖြစ်ကာ စာအောင်ဆုငွေကို အောင်မြင်သည့်အကြိမ်တိုင်း လှူဒါန်းသွားမည်ဖြစ်ပြီး တတိယဆင့် အောင်မြင်ပါက "ကစ္စာယနဝေယျာကရဏိက ပဏ္ဍိတ" ဘွဲ့တံဆိပ်ဆက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
(မန္တလေးနေ့စဉ်-၃)
၀-၀-၀-၀-၀-၀-၀

## မန္တလေးအင်းဝကိုယ်ပိုင်အထက်တန်းကျောင်း (၁၂)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းဂေါပကအဖွဲ့ကဦးစီး၍ မန္တလေး၊ အင်းဝကိုယ်ပိုင်အထက်တန်းကျောင်းက (၁၂)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၆နာရီက ကုသိုလ်ပြုလောင်းလှူကြသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် တောင်သမန်ကျောင်းတိုက်မှ သံဃာတော် အပါး ၅၀၊ ငါးဆူတိုက်မှ သံဃာတော် ၁၀ ပါး၊ ပုဂံအတွင်းဝန်တိုက်မှ သံဃာတော် အပါး ၄၀နှင့် မြင်းဝန်တိုက်မှ သံဃာတော် အပါး ၁၅၀၊ စုစုပေါင်း အပါး ၂၅၀တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့်အတူ အင်းဝကိုယ်ပိုင် အထက်တန်းကျောင်း တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အောက်ပုံ)
(၀၉၃)



## အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ (၂၁၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ စေတနာရှင် အလှူရှင်များ စုပေါင်း၍ (၂၁၇) ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၉ရက် နံနက် ၆ နာရီက ညောင်ကွဲရပ်ကွက်၊ ၈၉လမ်း၊ ၈ လမ်းနှင့် ၉ လမ်းကြားရှိ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ ရုံးရှေ့၌ ကုသိုလ်ပြုလောင်းလှူကြသည်။

အဆိုပါ ဘုံဆွမ်းလောင်းလှူပွဲတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စေတနာရှင်၊ အလှူရှင်များက ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်းသံဃာ အပါး ၁၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ အကြော် စသည့် ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူကြကြောင်း သိရသည်။

(အောက်ပုံ)
(၀၉၃)



## (၁၈)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်အတွက် ပဒေသာပင်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေး၊ တောင်စလင်းတိုက်သခိ၊ ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်ဆရာတော် ဦးဆောင်သည့် (၁၈)ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်တော်အတွက် မွန်ပြည်နယ်၊ သထုံမြို့နေ အလှူရှင် ဦးသံချောင်း+ဒေါ်ခေတ် တို့အား ရည်စူး၍ ဗိုလ်ကြီးအေးရွှေ+ ဒေါ်စိုးစိုး(ခ)ဒေါ်သန်းသန်းမြင့် မိသားစုက တန်ဖိုး နှစ်သိန်းနှစ်သောင်းရှိ ပဒေသာပင်နှစ်ပင်၊ စစ်ကိုင်းတိုင်း၊ မြိုင်မြို့နေ အလှူရှင် ဦးအောင်မြင့်စိုး+ဒေါ်မိုးမိုးဌေး မိသားစုက တစ်သိန်းတစ်သောင်းရှိ ပဒေသာပင်တစ်ပင်၊ မန်း(၁၁၆) လိပ်ကျနေ အလှူရှင် ဦးတိုးအောင်၊ ဦးချစ်၊ ဦးသန်းဦး၊ ဦးလှမျိုးခိုင်က စုပေါင်း၍ တန်ဖိုး တစ်သိန်းတစ်သောင်းရှိ ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ပုသိမ်ကြီးမြို့နေ အလှူရှင် ဦးသန်းထွဋ်+ ဒေါ်စိုးမိုးအောင် မိသားစုက နှစ်ဖက်မိဘများကို အမှူးထား၍ တန်ဖိုးတစ်သိန်းတစ်သောင်းရှိ ပဒေသာပင်တစ်ပင်၊ မန္တလေး၊ နန်းတော်ရှေ့နေ အလှူရှင် ဦးစိုးလွင်နှင့် ဦးကံညွန့်မောင်တို့အား ရည်စူး၍ ကျန်ရစ်သူ မိသားစုက တန်ဖိုးတစ်သိန်းတစ်သောင်းရှိ ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ (မြရတနာကျောင်းတိုက်) အလှူရှင်ဆရာတော်နှင့် တပည့်သာဝကတို့က စုပေါင်း၍ သင်္ကန်း ငါးထည်၊ ထီးငါးလက်၊ ဖိနပ်ငါးရန်နှင့်အတူ ဝတ္ထုငွေကျပ် နှစ်သိန်းတိတိ စုစုပေါင်းတန်ဖိုး ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ကြည်၊ ဒေါ်ခင်တင့်၊ ဒေါ်ခင်မြင့်၊ ဦးမောင်ကြီး၊ ဒေါ်ကျင်လှ၊ မခင်ခင်မြင့်တို့အားရည်စူး၍ မြေး၊ တူ၊ တူမများ၊ သမီး(အစ်မ)ပါမောက္ခ ဒေါက်တာအေးအေးမြင့်တို့က တန်ဖိုးတစ်သိန်းတစ်သောင်းရှိ ပဒေသာပင်တစ်ပင်တို့ကို ယမန်နေ့က လှူဒါန်းကြရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။



(ဝဲပုံ)
(၀၄၉)

မျက်စိလှူကြ မျက်ကြည်ရ
မြတ်သည့်လှူဒါန။

# အိုဘယ့်ချင်းမိုင်(၁၂)



**ရှေးကမြန်မာ-ဇင်းမယ်ဆက်ဆံရေး**

မြန်မာ-တရုတ် မှတ်တမ်းများအရ ပုဂံခေတ်မှစ၍ ယိုးဒယား(အယုဒ္ဓယ)၊ ဇင်းမယ်(ချင်းမိုင်)နှင့် လင်ဇင်းတို့သည် မြန်မာပိုင်နက်ဩဇာခံနယ်မြေအတွင်းသို့ ကျရောက်ခဲ့သည်။ ဩဇာခံဆိုသည်မှာ မြန်မာမင်း၏ ကိုယ်စားလှယ်များက သွားရောက်အုပ်ချုပ်ခြင်းမဟုတ်ဘဲ လက်ဆောင်ပဏ္ဏာဆက်နိုင်ငံအဖြစ် ရပ်တည်ခဲ့ခြင်းကို ဆိုလိုသည်။ သာဓကအဖြစ် ပုဂံအနော်ရထာမင်းက ဘုန်းတန်ခိုးဩဇာလွှမ်းမိုးခဲ့ကြောင်းကို ဖော်ပြခဲ့ပြီးသော မြဘုရားသမိုင်းရာဇဝင်နှင့် ဆက်စပ်ကြည့်လျှင် သိနိုင်ပါသည်။

ပုဂံပြည် နရသီဟပတေ့မင်း ခရစ်နှစ်(၁၂၅၆-၁၂၈၇)လက်ထက်တိုင်အောင် ယိုးဒယား၊ ဇင်းမယ်၊ လင်ဇင်းတို့သည် မြန်မာတို့၏ ပဏ္ဏာဆက်နိုင်ငံများအဖြစ် ရပ်တည်ခဲ့ကြသည်။ ချင်းမိုင်(ဇင်းမယ်)ကို ဘုရင်မင်းရဲ့ (King Mangrai)က ခရစ်နှစ် ၁၂၉၆ တွင် တည်ထောင်ခဲ့ရာ ပုဂံပြည် နရသီဟပတေ့မင်း နတ်ရွာစံ၍ ၁၀ နှစ်ကြာမှ တည်ထောင်ခဲ့သော မြို့ဖြစ်ကြောင်း မှတ်ယူနိုင်သည်။ ထို့ပြင် မြန်မာတို့က တိုင် နိုင်ငံထူထောင်ချိန်တွင် ယိုးဒယား၊ ဇင်းမယ်၊ လင်ဇင်းတို့သည် မြို့ပြနိုင်ငံအဆင့်သာရှိသေးကြောင်း သုံးသပ်ရသည်။

ချင်းမိုင်နန်းမြို့ရိုးကို ကျွန်တော်တို့ မန္တလေးနန်းမြို့ရိုးနှင့်နှိုင်းယှဉ်ပါက ကျွန်တော်တို့ မန္တလေးနန်းမြို့ရိုးက ပြုပြင်မှုနည်းပါးကာ ငလျင်ဒဏ်ခံရသည့်တိုင် ၉၀ ရာခိုင်နှုန်းခန့် အကောင်းပကတိရှိနေသေးသည်။ ထို့ပြင် ချင်းမိုင်နန်းမြို့ရိုးဧရိယာအတွင်း၌ ခေတ်မီကတ္တရာလမ်းနှင့်မြို့ပြအိမ်ရာများရှိနေပါသည်။ ကျွန်တော်တို့ မန္တလေးနန်းမြို့ရိုးကြီးအတွင်း၌မူ မြနန်းစံကျော်ရွှေနန်းတော်ကြီးအပါအဝင် အခြားနန်းတော်ဆိုင်ရာ အဆောက်အအုံများရှိနေခြင်းက ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ကျွန်တော်သည် ချင်းမိုင်နန်းတော်အရှေ့ဘက်မြို့ရိုး တံခါးပေါက်ကို ငေးကြည့်ကာ ကျွန်တော်တို့နိုင်ငံ၌ မန္တလေးနန်းတော်နှင့် နန်းမြို့ရိုးကြီးကဲ့သို့ သမိုင်းဝင်အမွေအနှစ်၊ အဆောက်အအုံနှင့်နေရာများစွာရှိနေခြင်းက နောင်ငြိမ်းချမ်းသောကာလတစ်ခု၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဟု တွေးတောရင်း ရှေးကဇင်းမယ်နှင့်ပတ်သက်သော အိုင်ချင်းကဗျာကလေးတစသည် ကျွန်တော့်ရင်ကို တိုးဝင်လာပါသည်။

**စစ်မှာယွန်းမ၊ နှမလေးပျို့ထက်လှကို**
**ရလိမ့်မလားတော် ။**
**မောင်ကလေး မောင်သာလိုက်တဲ့**
**တောင်ပတ်လည်နှင့်**
**ဇင်းမယ်ဆိုတဲ့မြို့မှာ**
**ပျိုလွမ်းဖွယ်လေး ။**

**တောင်တွင်းရှင်ငြိမ်းမယ်**

ငယ်စဉ်ကျောင်းသားဘဝက သင်ကြားခဲ့သော ‘စစ်မှာတစ်မူ’ အမည်ရအိုင်ချင်းကဗျာလေး စာဆိုက တောင်တွင်းရှင်ငြိမ်းမယ်၊ စစ်ထွက်သူမောင့်ကို စိတ်မချတချ၊ မယုံတယုံနှင့် ရေးသော အလွမ်းစာ၊သည်ကဗျာထဲက သိရသည်မှာ၊ ရှေးကဇင်းမယ်ပြည်ကို ယွန်းပြည်၊ သမိုင်းမှတ်တမ်းမှာမူ တိုင်ယွန်လူမျိုး၊ ဇင်းမယ်သူတို့ကို ယွန်းမ၊ သူတို့၏နှီးဝါး၊ သစ်စေးတို့နှင့် အခြေခံ၍ ပြုလုပ်ရသည့် ပစ္စည်းများကို ယွန်းထည်ဟုခေါ်ကြောင်း သမိုင်းစာမျက်နှာတွင် ဆင်ဖြူများရှင်ဘုရင့်နောင်မင်းတရားကြီးသည် ဇင်းမယ်ပြည်ကို အောင်မြင်ပြီးသောအခါ ယွန်းအတတ်ပညာသည်များကို ဟံသာဝတီနေပြည်တော်သို့ ခေါ်လာသည်မှစ၍ မြန်မာနိုင်ငံတွင် ယွန်းအတတ်ပညာထွန်းကားခဲ့ကြောင်း ဆိုပါသည်။ မျက်မှောက်ကာလတွင် ယွန်းအတတ်ပညာသည် ပန်းယွန်း(LACQUREWARE)မြန်မာပန်းဆယ်မျိုး အနုပညာအဖြစ် ထင်ရှားစွာ ရပ်တည်နေပါသည်။

ထို့ပြင် ယွန်းမတို့ရက်ကန်းက ထွက်ရှိသော ရိုးရာယွန်းလုံချည်များသည် ရှေးကာလမှ မျက်မှောက်ကာလတိုင် မြန်မာအမျိုးသမီးလောကတွင် ဇင်းမယ်လုံချည်အနေဖြင့် ထင်ရှားကြောင်း၊ သို့ပါ၍ မောင်တို့စစ်ထွက်ရသည့် တောင်ပတ်လည်ဝိုင်းရံနေသော ဇင်းမယ်ဆိုသည့်မြို့ကို မှန်းဆကာ ပျိုလွမ်းပါကြောင်း စသည်ဖြင့် မြန်မာအမျိုးသမီးငယ်တစ်ဦး၏ ရင်ခုန်သံကို ဖော်ကျူးခဲ့သည်။

ပင်းယခေတ်တွင် တစ်စီးရှင်ဆီဟာသူ သက္ကရာဇ် (၆၇၄-၆၈၄)သည် ကောင်းမှုတော် ပင်းယရွှေစည်းခုံကို တည်တော်မူသည်။ ဘုရားတည်သည့်ကာလတွင် ဇင်းမယ်မင်း၊ ယိုးဒယားမင်း၊ လင်ဇင်းမင်း၊ ရခိုင်မင်းတို့ လာရောက်ကြကြောင်း ရွှေဘုံနိဒါန်းက ဆိုပါသည်။ ဤကား ပင်းယခေတ် မြန်မာ-ဇင်းမယ် ဆက်ဆံရေးကို သာဓကအဖြစ် မှတ်ယူနိုင်ပါသည်။ တောင်ငူခေတ်သက္ကရာဇ် ၉၁၉ တွင် ဘုရင့်နောင်မင်းတရားကြီးသည် ဇင်းမယ်ပြည်ကို အောင်မြင်ပြီးနောက် ဇင်းမယ်ဘုရင် ‘မြသံ’ကိုပင် သစ္စာခံစေ၍ ပြန်လည်မင်းပြုစေသည်။

နောင်ကာလ ဇင်းမယ်မင်းဆက်ပြတ်သောအခါ ဘုရင့်နောင်မင်းတရားကြီးသည် စတုဂါမဏိသမီးခင်ထွေးလှကို ရာဇဒေဝီအမည်နှင့် မိဖုရားမြှောက်သည်တွင် သားတော်နော်ရထာမင်းစောကို မြင်သည်။ ထိုသားတော် နော်ရထာမင်းစောကို ဇင်းမယ်ဘုရင်ခံအဖြစ် မင်းပြုစေကြောင်း မြန်မာစာညွှန့်ပေါင်းကျမ်း(ပထမတွဲ)က ဆိုပါသည်။ ဘုရင့်နောင်မင်းတရားကြီးသည် ပထမမြန်မာ-ယိုးဒယားစစ်ပွဲကာလတွင် ဇင်းမယ်မှတစ်ဆင့် စားနပ်ရိက္ခာအမြောက်အမြားကို ရေကြောင်းမှတစ်ဆင့် ရယူခဲ့လေသည်။

**ရာဇဝင်ထဲက ဇင်းမယ်မြို့**

ချင်းမိုင်(ဇင်းမယ်)သည် ထိုင်းနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး ရှေးကာလမြန်မာတို့က ဇင်းမယ်ဟု ခေါ်သည်။ ရှေးကမြန်မာတို့ အလေးထားဆက်ဆံခဲ့ရသည့် မြို့တစ်မြို့ဖြစ်ကြောင်း ရာဇဝင်စာ၊ သမိုင်းမှတ်တမ်းနှင့် ကဗျာဟောင်း၊စာဟောင်းများက သက်သေခံသည်။ ထို့ပြင် မြန်မာနိုင်ငံခြားဆက်ဆံရေး၌ အလေးဂရုပြုရသည့် ဒေသလည်းဖြစ်သည်။ ဇင်းမယ်သည် ရှေးအခါကပင် ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်သော တိုင်းပြည်ဖြစ်သည်။ ‘တိုင်လူမျိုးများ ဝင်ရောက်လာသည့် မူရင်းဒေသလည်းဖြစ်သည်။

မြန်မာဘုရင်များလက်ထက်က ဇင်းမယ်ကို တိုက်ခိုက်သိမ်းပိုက်၍ ပဏ္ဏာဆက်နိုင်ငံအဖြစ် ထားရှိခဲ့သည်။ သို့သော်ဇင်းမယ်သည် ယိုးဒယားမင်းလက်အောက်သို့ ကျရောက်သည့်အခါကာလလည်းရှိသည်။ ဇင်းမယ်မြို့ဟောင်းသည် စတုရန်းမိုင်လေးမိုင်မျှကျယ်ဝန်း၍ ပျက်စီးယိုယွင်းနေသော မြို့ရိုးကို မျက်မှောက်ကာလတိုင် တွေ့နိုင်သည်။ မျက်မှောက်ကာလတွင် မြို့၏ဖွံ့ဖြိုးတိုးတက်မှုသည် မြို့ရိုးကို ကျော်လွန်ခဲ့ပြီး စီးပွားရေးရပ်ကွက်များသည် မြို့ရိုးအပြင်ဘက်တွင် ရှိလေသည်။

ဇင်းမယ်မြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော အချက်အချာနေရာ၌ တည်ရှိပြီး ရှေးအခါကာလကပင် မြန်မာ၊ ယိုးဒယား၊ ရှမ်း၊ တရုတ်ကုန်သည်များ၏ ကုန်သွယ်ရာ ဗဟိုဌာနဖြစ်ခဲ့သည်။ မဲနမ်မြစ်လက်တက်လေးခုအနက် တစ်ခုဖြစ်သော ပင်း(PING)မြစ်ပေါ်တွင် တည်ရှိပြီး ၄၆၇ မိုင်ရှည်သည့် ဘန်ကောက်မြို့တော်မှလာသည့် မီးရထားလမ်းဆုံးမြို့ဖြစ်သည်။ ဇင်းမယ်ခရိုင်သည် စတုရန်းမိုင် ၈၈၃၉ မိုင်ကျယ်ဝန်း၍ သစ်တောထူထပ်သော တောင်တန်းကြီးများနှင့် ဝန်းရံထားသော ချိုင့်ဝှမ်းဒေသဖြစ်သည်။ မြေဩဇာအတန်အသင့်ကောင်းမွန်သောဒေသ စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးသည်။ အဓိက သီးနှံမှာ ဆန်စပါးဖြစ်ပြီး ပဲ၊ ဆေးနှင့်ဝါဂွမ်းကိုလည်း စိုက်ပျိုးသည်။ ဇင်းမယ်တွင် ဌာနေတိုင်ယွန်လူမျိုးတို့အပြင် လာအို၊ ယိုးဒယား၊ တရုတ်များနှင့် မျက်မှောက်ကာလတွင် မြန်မာလူမျိုးများလည်း အများအပြား လာရောက်လုပ်ကိုင်နေထိုင်လျက်ရှိသည်။

သက္ကရာဇ် ၁၀၂၄ ခုနှစ် မြန်မာဘုရင်ညောင်ရမ်းဆက်ပြည်မင်းလက်ထက်တွင် ဇင်းမယ်ကို ယိုးဒယားတို့က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။သို့သော် သက္ကရာဇ် ၁၀၂၆ တွင် ယိုးဒယားတို့ ဇင်းမယ်မှ ဆုတ်ခွာရာ မြန်မာတို့က ပြန်ရသည်။ ဘိုးတော်ဘုရား ခရစ်နှစ် ၁၇၉၇ ခုနှစ်နောက်ပိုင်း ယိုးဒယားသို့ အကြိမ်ကြိမ်ချီတက်လုပ်ကြံသော်လည်း မအောင်မြင်ခဲ့ပေ။ ထိုအချိန်မှစ၍ ဇင်းမယ်သည် ယိုးဒယားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။ (ကိုးကား-မြန်မာစွယ်စုံကျမ်းအတွဲ(၄)နှင့် ဝီကီပီဒီးယား)၊ ခရစ်နှစ် ၁၈၆၇ တွင် အမေရိကန်ပရက်(စ)ဗီတီးရီးယန်းသာသနာပြုအဖွဲ့ ဇင်းမယ်သို့ ရောက်လာကာ ကောလိပ်၊ ဆေးရုံ၊ ကုဋ္ဌနူနာရုံစသည့် ဌာနများကို တည်ထောင်ခဲ့သည်။ ဗရင်ဂျီသာသနာပြုဂိုဏ်းကလည်း စာသင်ကျောင်းနှစ်ကျောင်းတည်ထောင်ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ဗြိတိသျှကုမ္ပဏီနှစ်ခုကလည်း ဇင်းမယ်တွင် သစ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ဘိုးတော်ဘုရား စစ်မအောင်ရခြင်းကို သုံးသပ်သော်၊ ထိုအချိန်၌ ယိုးဒယားသည် အနောက်နိုင်ငံသားများနှင့် အဆက်အဆံရှိနေခြင်း အနောက်နိုင်ငံသားများ၏ စီးပွားရေး၊ လူမှုရေး အကူအညီအပြင် စစ်ရေးအကူအညီကိုပါ ရပေလိမ့်မည်။ ထို့ကြောင့် ဇင်းမယ်သည်လည်း မြန်မာတို့လက်အောက်မှ လွတ်မြောက်ကာ ယိုးဒယားနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။

**သုံးသပ်ချက်**

ချင်းမိုင်ဒေသကို ရှေးက လန်န(Lan Na)ပြည်မြန်မာရာဇဝင်တွင် ဇင်းမယ်ပြည်ဟုခေါ်ကြောင်း သိရသည်။ မျက်မှောက်ကာလ ချင်းမိုင်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ ထိုင်းဘာသာဖြင့် မြို့သစ်ဟု အဓိပ္ပာယ်ရသည်။ ယခင်မြို့တော်ဟောင်း ချင်းရိုင်(Chiang Rai)ကို ဆက်ခံခဲ့ခြင်းဖြစ်သည်။ ပင်းမြစ် (Ping River) ပေါ်တွင် တည်ရှိခြင်း၊ အဓိက ကုန်သွယ်ရေးလမ်းကြောင်းများနှင့်နီးကပ်ခြင်းများကြောင့် သမိုင်းဝင်အရေးပါခဲ့သည်။ ခရစ်နှစ် ၁၅၅၈ မှ၁၇၇၄ ခုနှစ်အထိ ချင်းမိုင်နှင့်ထိုင်းဒေသအများစုသည် မြန်မာဘုရင့်နိုင်ငံတော်၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သည်။ နှစ်ပေါင်း ၂၀၀ ကျော် မြန်မာတို့၏ လက်အောက်ခံဖြစ်ခဲ့ရသည်။

၂၀ ရာစုအစောပိုင်းကာလတွင် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မီးရထားလမ်းဖောက်လုပ်ပြီးစီးခြင်းကြောင့် ချင်းမိုင်သည် ထိုင်းအလယ်ပိုင်းနှင့် ချိတ်ဆက်နိုင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ချင်းမိုင်သည် ‘ဆိုင်ယမ်’ ယခု ထိုင်းနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်လာခဲ့သည်။

ချင်းမိုင်ကား ထိုင်းနိုင်ငံမြောက်ပိုင်း လန်နယဉ်ကျေးမှုထွန်းကားရာ အချက်အချာဒေသဖြစ်သည်။ အနုပညာလက်ရာမြောက် ဗုဒ္ဓဘာသာဘုရားကျောင်းများစွာရှိပြီး အချို့မှာ နှစ်ပေါင်းရာချီ၍ သက်တမ်းရှိပါသည်။ ထိုင်းနိုင်ငံ၏ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများတွင် ‘လန်န’ယဉ်ကျေးမှုလက်ရာများအပြင် မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းဗိသုကာလက်ရာများ ရောယှက်နေသည်ကို သတိပြုမိပါသည်။

အထူးသဖြင့် ချင်းမိုင်ရှိ စေတီပုထိုးအများစုမှာ မြန်မာစေတီပုထိုးပုံစံများနှင့် တူလေသည်။ ယွန်းထည်လုပ်ငန်းကား အထူးကြီးကျယ်သော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဆိုခဲ့ပြီ။ ယွန်းကွမ်းအစ်၊ ယွန်းသပိတ်၊ ယွန်းသေတ္တာ၊ ယွန်းဗျပ်၊ ယွန်းပန်း စသည်ဖြင့် မျက်မှောက်ကာလ၌ ပန်းယွန်း(ယွန်းပညာ)သည် မြန်မာတို့၏ တန်ဖိုးထား လေ့လာထိန်းသိမ်းအပ်သည့် ပန်း ၁၀ မျိုး အနုပညာ၌ အကျုံးဝင်ခဲ့ပြီ။ ထို့ပြင် ချင်းမိုင်(ဇင်းမယ်)ကား ရှေးကပင် ပိုးထည်လုပ်ငန်းလည်း ထွန်းကားခဲ့သည်။ ဆိုခဲ့သည့်အတိုင်း ဇင်းမယ်လုံချည်ကား မြန်မာအမျိုးသမီးလောကတွင် နာမည်ကြီးသည်။

ထို့ပြင် ချင်းမိုင်(ဇင်းမယ်)၌ ကြေးသွန်းအတတ်ပညာခေါ် ပန်းတည်း (BRONZE CASTING) ပညာလည်း ထွန်းကားသည်။ သာဓကအဖြစ် ဟင်္သာရုပ်၊ ခြင်္သေ့ရုပ်၊ ဆင်ရုပ်များကို မျက်မှောက်ကာလတိုင် ချင်းမိုင်းမြို့ ဘုရားစေတီအနီးရှိ ဈေးဆိုင်အချို့တွင် တွေ့မြင်နေရဆဲ။ ဤကား မြန်မာ-ဇင်းမယ် ယဉ်ကျေးမှုကူးလူးဆက်နွယ်မှုပင်ဖြစ်သည်ဟု ဆိုချင်ပါတော့သည်။

**သန်းစိုးအောင်**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## အင်ဒိုနီးရှားနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးအတွက် စပါးစိုက်ဧရိယာများ တိုးချဲ့ဖော်ဆောင်



ဂျကာတာ စက်တင်ဘာ ၂၉

အင်ဒိုနီးရှားနိုင်ငံ ပါပူအာပြည်နယ် မီရော့ခ်ီခရိုင် ဝါနန်တွင် စပါးစိုက်ခင်းဧရိယာ ဟက်တာ ၄၈၁၀၀၀ ခန့်ကို စတင်စိုက်ပျိုးလျက်ရှိပြီး ယင်းဒေသအား အမျိုးသားစားနပ်ရိက္ခာ မဟာဗျူဟာစီမံကိန်း၏ အချက်အချာအဖြစ် ပြောင်းလဲရန် ရည်မှန်းထားကြောင်း စားနပ်ရိက္ခာရေးရာ ညှိနှိုင်းရေးဝန်ကြီး ဇူကစ်ဖ်လီဟာဆန်က စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါ စီမံကိန်းသည် ဟက်တာတစ်သန်းခန့်ရှိ စိုက်ပျိုးမြေများကိုဖော်ထုတ်ကာ ဆန်အပါအဝင် အဓိကစားနပ်ရိက္ခာများ ထုတ်လုပ်ခြင်းအပြင် ကြံနှင့် စားအုန်းဆီမှ ဇီဝလောင်စာများကိုပါ ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်း ဂျကာတာတွင် ကျင်းပသော ညှိနှိုင်းအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ဟာဆန်က ပြောကြားသည်။

ယင်းစီမံကိန်းသည် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များနှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ပံ့ပိုးမှုနှင့်အတူ စားနပ်ရိက္ခာဖူလုံရေး အစီအစဉ်ကို အထောက်အကူပြုမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အဆိုပါဖွံ့ဖြိုးရေးစီမံကိန်းမှ တစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ၏ စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားထားသည်။

ထို့ပြင် ဝန်ကြီးက စီမံကိန်းအကောင်အထည် ဖော်ရာတွင် အစိုးရအနေဖြင့် လုံခြုံရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် မြေအသုံးချစီမံချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင် စီမံကိန်း၏ ထိရောက်မှုနှင့် ခံနိုင်ရည်ရှိမှု ရရှိစေရန်အတွက် မြေအသုံးချခွင့်များနှင့် အခြားခွင့်ပြုချက်များကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ပြောကြားသည်။

ဆင်ဟွာ



## တရုတ်နိုင်ငံ၊ ရှင်းကျန်းဒေသ၌ စွမ်းအင်သစ်လုပ်ငန်းတိုးချဲ့ နေစွမ်းအင်သုံး ဓာတ်အားပေးစခန်းစီမံကိန်းများ အရှိန်မြှင့်တင်

ပေကျင်း စက်တင်ဘာ ၂၉

တရုတ်နိုင်ငံရှိ နေရောင်ခြည်နှင့် လေအားအရင်းအမြစ်များ ကြွယ်ဝသော ရှင်းကျန်းဒေသသည် လွန်ခဲ့သောနှစ်များအတွင်း စွမ်းအင်သစ်လုပ်ငန်းကို အားတက်သရော တိုးချဲ့ဆောင်ရွက်ခဲ့ပြီး လေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစခန်းကြီးများ တည်ဆောက်ရေးစီမံကိန်းများကို အရှိန်မြှင့်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံး ၇၅၀-ကီလိုဗို့ ဓာတ်အားပေး အမြန်လိုင်း ကွင်းပတ်တစ်ခုကို ရှင်းကျန်းဒေသတစ်လျှောက် ပုံဖော်ပြီးစီးခဲ့ရာ ထိရောက်သော စွမ်းအင်ခွဲဝေမှုအတွက် ခိုင်မာသော အထောက်အပံ့ဖြစ်စေခဲ့သည်။ ယခုအခါ ရှင်းကျန်းသို့ ပို့လွှတ်နေသော လျှပ်စစ်ဓာတ်အား၏ သုံးပုံတစ်ပုံခန့်သည် လေအားနှင့် နေရောင်ခြည်စွမ်းအင်ကဲ့သို့သော သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်များမှ ရရှိလာခြင်းဖြစ်သည်။

ထို့အပြင် ရှင်းကျန်းဒေသ၌ သန့်ရှင်းသော စွမ်းအင်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည့် ကုမ္ပဏီများလည်း တိုးပွားလာခဲ့ရာ ဒေသ၏ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရာရောက်ခဲ့သည်။

တစ်ချိန်က စီးပွားရေးအတားအဆီးအဖြစ် ရှုမြင်ခံခဲ့ရသည့် ရှင်းကျန်း၏ ကျယ်ပြောလှသော သဲကန္တာရများနှင့် မြေဆီလွှာမရှိသော မြေများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရွှေတွင်းအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြောင်း သိရသည်။ **Mon**

## မီချီဂန်ပြည်နယ်ရှိ ခရစ်ယာန်ဘုရားကျောင်းတစ်ခု၌ သေနတ်ပစ်ခတ်မှုနှင့် မီးရှို့မှု ဖြစ်ပွား၊ လူလေးဦး သေဆုံး

ဝါရှင်တန် စက်တင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု၊ မီချီဂန်ပြည်နယ်ရှိ နောက်ဆုံးသောနေ့ သူတော်စင်ယေရှုခရစ်တော်၏ အသင်းတော်ပိုင် ဘုရားကျောင်းတစ်ခု၌ သေနတ်ပစ်ခတ်မှုနှင့် မီးရှို့မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူလေးဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အနီးအနားရှိ ဘာတန်မြို့မှ သောမတ်စ်ဂျေကော့ဘ်ဆန်းဖို့ဒ် အမည်ရှိ အသက် ၄၀ နှစ် အရွယ် တရားခံဟု သံသယရှိသူသည်လည်း ပထမဆုံးအရေးပေါ်ဖုန်းခေါ်ဆိုမှုပြုလုပ်ပြီး ၈ မိနစ်အကြာတွင် ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း ဂရန်းဘလန့်မြို့နယ် ရဲချုပ်ဝီလျံရန်ယီက ရှင်းလင်းပြောကြားသည်။

မီးလောင်သောဘုရားကျောင်းအတွင်း အလောင်းနှစ်လောင်း ထပ်မံတွေ့ရှိခဲ့ပြီး မီးလောင်မှုကြောင့် ဘုရားကျောင်းတစ်ခုလုံး ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် အတွင်းပိုင်းအားလုံးကို ရှင်းလင်းနိုင်ခြင်း မရှိသေးသဖြင့် လူအချို့ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ရန်ယီက ယမန်နေ့ ညနေပိုင်းတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ၌ ယခုအချိန်အထိ စုံစမ်းစစ်ဆေးမှုများအရ "တရားခံဟု သံသယရှိသူသည် မီးစွဲလောင်စေနိုင်သော ဓာတ်ဆီကဲ့သို့ ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုခဲ့ပြီး ဘုရားကျောင်းကို မီးရှို့ခဲ့သည်" ဟု ယူဆရကြောင်း မီးစုံစမ်းစစ်ဆေးရေးမှူးဖြစ်သူ ဂျိမ်းစ်ဒိုင်ယာနှင့် ဒက်ထရွိုက်အရက်၊ ဆေးရွက်ကြီး၊ မီးယမ်းနှင့် ပေါက်ကွဲစေတတ်သောပစ္စည်းများ ဗျူရို၏ အထူးကိုယ်စားလှယ်တို့ကလည်း ပြောသည်။

တရားခံဟု စွပ်စွဲခံရသူသည် ယာဉ်တစ်စီးကို ဘုရားကျောင်း၏ ဝင်ပေါက်တံခါးသို့ ဝင်တိုက်ခဲ့ပြီးနောက် ကားထဲမှထွက်လာကာ ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်ခဲ့ချိန်တွင် တနင်္ဂနွေနေ့နံနက် ဝတ်ပြုပွဲအတွက် လူရာပေါင်းများစွာ အဆောက်အအုံအတွင်း၌ ရှိနေခဲ့ကြောင်း သိရသည်။

**Mon**





## ဗီယက်နမ်သို့ ဘူအာလိုအိုင် တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်လာချိန်တွင် ကမ်းရိုးတန်းဒေသနေ လူသုံးသောင်းနီးပါးကို ရွှေ့ပြောင်းပေးခဲ့ရ

ဟနွိုင်း စက်တင်ဘာ ၂၉

ဘူအာလိုအိုင် တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်လာချိန်တွင် ဗီယက်နမ်နိုင်ငံ သံမဏိထုတ်လုပ်သည့် ဗဟိုဒေသမှ ကမ်းရိုးတန်းဒေသနေ လူသုံးသောင်းနီးပါးကို စက်တင်ဘာ ၂၈ ရက်က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဓိက သံမဏိထုတ်လုပ်ရေး ဗဟိုချက်အဖြစ် လူသိများသည့် ဟာတင်ပြည်နယ်ရှိ နေထိုင်သူ ၁၅၀၀၀ ကျော်ကို ယာယီခိုလှုံရာနေရာများအဖြစ် ပြောင်းလဲထားသော ကျောင်းများနှင့် ဆေးဘက်ဆိုင်ရာစင်တာများသို့ ရွှေ့ပြောင်းရန် စီစဉ်ထားသည်ဟု အာဏာပိုင်များက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံကို ဝင်ရောက်သည့် ဒသမမြောက်မုန်တိုင်းဖြစ်သော ၎င်းမုန်တိုင်းသည် ည ၁၀ နာရီကျော်တွင် ကုန်းတွင်းသို့ ဝင်ရောက်ခဲ့ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်းရှိသော လေတိုက်နှုန်းများဖြစ်ပေါ်ခဲ့သည်ဟု ပူးတွဲဆိုင်ကလုန်းသတိပေးဌာနက ထုတ်ပြန်ကြေညာသည်။

ဗီယက်နမ်၏ သဘာဝဘေးအန္တရာယ်နှင့် ရေကာတာစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ နင်းဘင်းမှ ကွမ်ငိုင်းအထိ ပြည်နယ်များနှင့် မြို့များမှ လူပေါင်း ၂၈၅၀၀ ကျော်ကို ရွှေ့ပြောင်းပေးခဲ့ရပြီး လူတစ်ဦးသေဆုံးကာ လေးဦးပျောက်ဆုံးနေဆဲဟု ဆိုသည်။

## နယူးဇီလန်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံး ငှက်ပြိုင်ပွဲတွင် ထောက်ခံမဲ ၂၁ ရာခိုင်နှုန်းဖြင့် လင်းယုန်ငှက် အနိုင်ရရှိ

ဝယ်လင်တန် စက်တင်ဘာ ၂၉

နယူးဇီလန်နိုင်ငံ၏ နှစ်စဉ်ကျင်းပသည့် တစ်နှစ်တာအကောင်းဆုံး ငှက်ပြိုင်ပွဲတွင် နယူးဇီလန် လင်းယုန်ငှက်သည် ထောက်ခံမဲ ၂၁ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မောရီဘာသာစကားဖြင့် 'ကာရီအာရီယာ'ဟု ခေါ်ဆိုသော ထို အရှိန်ပြင်းသည့် အမဲလိုက်ငှက်သည် ဒိုင်ဗင်ထိုးသည့်အခါ တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ အထိ ရောက်ရှိနိုင်ပြီး နယူးဇီလန် သစ်တောထူထပ်ရာဒေသများတွင် အမဲလိုက်ရာ၌ ကျွမ်းကျင်သည်ဖြစ်သည်။ ၎င်းတို့သည် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး ငှက်ကောင်ရေ ၅၀၀၀ မှ ၈၀၀၀ သာ ကျန်ရှိတော့သည်။



ယခုနှစ်သည် နိုင်ငံ၏ ဌာနေတိုင်းရင်းသား မျိုးစိတ်အများအပြား မျိုးသုဉ်းမည့် အန္တရာယ်ရှိနေသည်ကို အသိပညာပေးရန် ရည်ရွယ်သည့် ပြင်းပြင်းထန်ထန်ယှဉ်ပြိုင်ရသော ပြိုင်ပွဲ၏ နှစ် ၂၀ ပြည့် နှစ်ပတ်လည်ဖြစ်သည်။

ယခုနှစ်တွင် ပြိုင်ပွဲဝင်သည့် ငှက် ၇၃ ကောင်စလုံးတွင် စေတနာ့ဝန်ထမ်း စည်းရုံးရေးမှူးများ ပါဝင်ပြီး ၎င်းတို့သည် မဲဆန္ဒရှင်များကို နည်းလမ်းအမျိုးမျိုးဖြင့် ဆွဲဆောင်ကာ အနိုင်ရရှိရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။ **Mon**

## Excellent Auto Car Service Center

(မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်)၊ လမ်း၃၀နှင့်လမ်း၆၀ထောင့်

ဖုန်း ၀၉-၇၅၆၀၂၁၂၈၄၊ ၀၉-၄၄၅၅၅၀၈၈၁

၁။ ကားပစ္စည်းမှတ်ရန်စာရေး အမျိုးသား၊ အမျိုးသမီး - ၁ဦး

၂။ Mechanic Helper အမျိုးသား - ၃ဦး

၃။ စတိုအကူ အမျိုးသား၊ အမျိုးသမီး - ၁ဦး

(အမျိုးသားဝန်ထမ်းများ နေ/စားစရိတ်ငြိမ်း)

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာ၊ ကွင်း/အကွက်အမှတ်(၄၉၆/ရှားစေးချက်)၊ ဦးပိုင်အမှတ်(၁၃/၂)၊ ဧရိယာ(၀ ဒသမ ၇၇)ဧက အကျယ်အဝန်းရှိ ဦးမင်းဦး(ပါ-၃) ပုံစံ(၇)အမည်ပေါက် လယ်မြေကွက်အတွင်းမှ ယခုရောင်းချသူ ဝယ်ယူပိုင်ဆိုင်သည့် မြေဧရိယာ ပေ(၅၀×၆၀) အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်းဧရိယာပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါ သည်။

အထက်ပါမြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ
၇၆လမ်းနှင့်၇၇လမ်းကြား၊ ၉လမ်း၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်အားရင်(ဘ)ဦးလောက်ချင်
(၁၃/လရန(နိုင်)၁၀၈၆၉၇)
၆၅လမ်း၊ ၁၁၇လမ်းနှင့်၁၁၈လမ်းကြား၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၂၉)၊ ဦးပိုင်အမှတ်(၂၉)တွင် နေထိုင်သူ ဒေါ်မော်မော်စန်း(၉/မနတ(နိုင်)၀၀၅၅၆၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၂၉)၊ ဦးပိုင်အမှတ်(၂၉)၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဒေါ်အေးမြင့် အမည်ဖြင့် ရရှိထားသော မြေကွက်အား အရပ်ကတိစာချုပ်ဆင့်ဆင့်ဖြင့် လက်ရောက်ရယူဝယ်ယူထားသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပြတ်ငွေအပြေအကြေပေးချေပြီး မြေကွက်အား လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ မိမိဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်အား မိမိအမည်ပေါက်ပိုင်ဆိုင်ရေးအတွက် တရားဝင် အမည်ဖောက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာဌာနအသီးသီးတွင် အမည်ပေါက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မော်မော်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်အောင် ဦးကောင်းစံထက်(LL.B)
ဥပဒေအကျိုးဆောင်ရှေ့နေများ
မမ-၂/၅၈၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၉၉-၃၂)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်ပြီး အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၉၉-၃၂)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် မူလအမည်ပေါက်ပိုင်ရှင် ဦးထွန်းအေးထံမှ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်ဖြင့် ရောင်းချဝယ်ယူခဲ့ကြရာ ကျွန်ုပ်မိတ်ဆွေ ဦးပေါလွှန်း(ခ)ဦးအောင်လင်းမှ အရပ်ကတိစာချုပ် ချုပ်ဆိုပြီး လက်ရှိပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ဥပဒေမဲ့ ကျူးကျော်ဝင်းခြံခတ်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ လက်ရှိဝင်းခြံအကာအရံများကို ဖျက်ဆီးပြီး ထပ်မံ၍ ဝင်းခြံကာရံခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း ထိုကဲ့သို့ ပြုလုပ်လာပါက ကျူးလွန်သူများနှင့်ပါဝင်သူများကို ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ-
ဦးပေါလွှန်း(ခ)ဦးအောင်လင်း(ဘ)ဦးငြင်ပွန်
(၉/မရမ(နိုင်)၀၃၇၄၆၇)

လွှဲအပ်ချက်အရ-
ဦးခင်မောင်မြင့် (LL.B)(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅)
၆၅လမ်းနှင့်၆၆လမ်းကြား၊
ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၉၆၅၅၁

## အမည်မှန်

(ဘ)ဦးဇော်လင်း၏ သမီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ဖောင်တော်ဦးဘုန်းတော်ကြီးသင် အထက်တန်းကျောင်း Grade-12 မှ **မအိဖြူဝင်း**၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **မအိအိဖြူဝင်း**ဖြစ်ပါကြောင်း။

မအိအိဖြူဝင်း
(၉/ခအဇ(နိုင်)၀၆၁၈၉၇)

## မိဘအမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဂန္ဓာရုံ အထက(ခွဲ) Grade-5 တွင် ပညာသင်ကြားနေသော **မကေရီအောင်**၏ မိဘအမည်မှန်မှာ **ဦးအောင်မျိုးဟိန်းနှင့် ဒေါ်ယဉ်ယဉ်အေး** ဖြစ်ပါကြောင်း။

ဦးအောင်မျိုးဟိန်း(၉/မရမ(နိုင်)၀၉၂၄၅၀)
ဒေါ်ယဉ်ယဉ်အေး(၉/အမဇ(ပြု)၀၀၀၈၇၅)

## "ပန်းတိုင်ဆောက်လုပ်ရေး" ပိုင်ရှင်ဦးတင်မောင်ထွန်း(အဘ)ဦးကျော်ဝင်း(၁၂/ဆကခ(နိုင်)၀၁၄၂၅၁)နှင့် တိုက်ခန်းဝယ်ယူသူများနှင့် ပြုလုပ်ချုပ်ဆိုခဲ့သည့် (၁၈-၈-၂၀၂၃)၊ (၂၃-၈-၂၀၂၃)၊ (၇-၉-၂၀၂၃)နှင့် (၉-၁၀-၂၀၂၃)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်များနှင့်ပတ်သက်၍ တိုက်ခန်းဝယ်ယူသူများထံသို့ လာရောက်ဆက်သွယ်ရန် အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၆၄)၊ ဦးပိုင်အမှတ်(၈၁-ဃ+၈၁-င)၊ ခဲစင်းပြဧရိယာ(၀ ဒသမ ၀၀၉၂+၀ ဒသမ ၀၄၃၈)ဧက၊ စုစုပေါင်းဧရိယာ(၀ ဒသမ ၀၅၃၀)ဧက အကျယ်အဝန်းရှိ ဘိုးဘွားပိုင်မြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော တိုက်ခန်းများရှိ အထပ်များကို "ပန်းတိုင်ဆောက်လုပ်ရေး" ပိုင်ရှင် ဦးတင်မောင်ထွန်းမှ တိုက်ခန်းဝယ်ယူသူ ဒေါ်တင်တင်ထွေးနှင့် (၁၈-၈-၂၀၂၃)ရက်တွင် အရှေ့ဘက်(ဒါဘာထပ်)တိုက်ခန်းကိုလည်းကောင်း၊ တိုက်ခန်းဝယ်ယူသူ ဒေါ်ချိုပြုံးနှင့် (၁၈-၈-၂၀၂၃)ရက်တွင် အနောက်ဘက်(ဒါဘာထပ်)တိုက်ခန်းကိုလည်းကောင်း၊ (၇-၉-၂၀၂၃)ရက်တွင် အရှေ့ဘက် A(မြေညီထပ် ထပ်ခိုးပါ)တိုက်ခန်းကိုလည်းကောင်း၊ (၂၃-၈-၂၀၂၃)ရက်တွင် အနောက်ဘက်(ဒါဘာ(A)ထပ်)တိုက်ခန်းကိုလည်းကောင်း၊ (၉-၁၀-၂၀၂၃)ရက်တွင် တောင်+မြောက်ဘက်ခြမ်း(ဒါဘာထပ်)တိုက်ခန်းကိုလည်းကောင်း၊ အသီးသီးနှစ်ဦးသဘောတူ တိုက်ခန်းအပျောက်အရောင်းအဝယ်ကတိစာချုပ်တို့ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး ဝယ်ယူသူများမှ တိုက်ခန်းရောင်းကြေးငွေများအားလုံးတို့ကို အပြေအကြေပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ပါသော်လည်း တိုက်ခန်းဝယ်ယူသူများဖြစ်ကြသော ဒေါ်တင်တင်ထွေး၊ ဒေါ်ချိုပြုံးတို့ကို အိမ်ဆောက်မိန့်ကျပြီးသည့်ရက်မှ (၁နှစ်)အတွင်း ပြီးစီးအောင် တာဝန်ယူဆောက်လုပ်ပေးပြီး ဝယ်ယူထားသော တိုက်ခန်းများအား လက်ဝယ်ပေးအပ်ပါမည်ဟု ဝန်ခံကတိပြုပြောဆိုခဲ့သော်လည်း ယနေ့ထက်တိုင် လုပ်ငန်းကိစ္စအဝဝတို့ကို ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသောကြောင့် တိုက်ခန်းဝယ်ယူသူများမှ ဆက်သွယ်အကြောင်းကြားပါသော်လည်း အကြောင်းအမျိုးမျိုးပြပြီး အချိန်ကြာမြင့်လာပါသဖြင့် တိုက်ခန်းဝယ်ယူသူများတွင် နစ်နာမှုများ ပေါ်ပေါက်နေပါသည်။

၂။ သို့ပါ၍ "ပန်းတိုင်ဆောက်လုပ်ရေး" ပိုင်ရှင် ဦးတင်မောင်ထွန်းကိုယ်တိုင် ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူများ-
၁။ ဒေါ်တင်တင်ထွေး(၉/မနမ(နိုင်)၀၂၃၄၈၄)
၂။ ဒေါ်ချိုပြုံး(၉/မနမ(နိုင်)၀၂၃၉၃၁)
အမှတ်(၁၀၄)၊ ၈၃လမ်း၊ ၂၂လမ်းနှင့်၂၃လမ်းကြား၊
ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဝင်းသန့် (LL.M)
တရားလွှတ်တော်ရှေ့နေ
၃၅(အေ)လမ်း၊၆၉လမ်းနှင့်၇၀(အေ)လမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ဖုန်း ၀၉-၇၇၇၇၈၈၈၆၆၊
၀၉-၆၆၉၉၉၃၇၈၆၊ ၀၉-၂၀၃၈၇၈၆၊ ၀၉-၇၇၅၅၆၆၇၈၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၇)၊ ဦးပိုင်အမှတ်(၉၇-ခ)၊ ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဒေါ်နော်ရှယ်လီ(ဘ)ဦးရဲ(၁၃/လရန(နိုင်)၀၀၀၅၈၈)အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းစိန်ဝင်းလွင်(ဘ)ဦးရွှေလှ(၁၃/ကမန(နိုင်)၀၇၂၃၃၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးသန်းရွှေ B.A (Hist), H.G.P
ဦးအောင်ဖြိုးမောင် LL.B
ဒေါ်နန်းဖြူဖြူအေး B.Sc , PGDL
(အထက်တန်းရှေ့နေများ)
၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်အမှတ်(၁၄၀)၊ ဧရိယာပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဦးတိုးတိုး(ဘ)ဦးလေးမောင်(၉/မနမ(နိုင်)၀၄၅၁၆၀)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ပေ(၂၀×၃၀)အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရှော်ရဲလီ(ဘ)ဦးရှောက်ဆီရှင်း(၁၃/ကခန(နိုင်)၀၁၀၁၇၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးသန်းရွှေ B.A (Hist), H.G.P
ဦးအောင်ဖြိုးမောင် LL.B
ဒေါ်နန်းဖြူဖြူအေး B.Sc , PGDL
(အထက်တန်းရှေ့နေများ)
၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်နံပါတ်(၄၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝါဝါလွင်(ဘ)ဦးမောင်မောင်လွင်(၉/မနတ(နိုင်)၀၅၇၄၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ
ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ
ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ
ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၃)၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူးသိန်းနိုင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်အေးသန္တာ(ဘ)ဦးသန်းစိန်(၉/ခမစ(နိုင်)၀၁၁၆၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်ကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၁)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်အမည်ပေါက် ဂရန်မြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင် ဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူဖြစ်သော ဦးမောင်မောင်(ဘ)ဦးမဂျစ်(၁၂/သကတ(နိုင်)၁၂၄၉၆၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်ကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၁)၊ ဦးပိုင်အမှတ်(၃၅) မြေကွက်သည် ဦးမျိုးချစ်အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံးခြမ်း(၁၀×၄၀)ပေ အကျယ်အဝန်းရှိသောမြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်မာတင်ထံမှ ကျွန်ုပ်၏အမွှသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၂)၊ ဦးပိုင်အမှတ်(၁၄) မြေကွက်သည် ဒေါ်ငွေကြည်ကို ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်အစွန်ဆုံးခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိသောမြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးဝင်းမောင် ပါ(၆)ဦးတို့ထံမှ ကျွန်ုပ်၏အမွှသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၁)၊ ဦးပိုင်နံပါတ်(၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးထွန်းရွှေအမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မြင့်ဦး(ဘ)ဦးကိုကြီး(၁၃/နခတ(နိုင်)၀၇၃၁၆၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန်(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး(LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန်(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၀)၊ ဦးပိုင်နံပါတ်(၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးကျော်စိန်အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်သန်း(ဘ)ဦးဘကျွဲ(၉/မရမ(နိုင်)၀၄၁၇၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန်(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး(LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန်(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးအောင်မြင့်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးမင်းဦး(ဘ)ဦးကံထွန်း(၅/ဝလန(နိုင်)၁၂၀၆၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန်(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ(LL.M)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင်(LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမိုမိုထွန်း(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်နံပါတ်(၁၀၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ချိုချိုထွန်းအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဆောင်ကြလျှံ(ဘ)ဦးဆောင်ရှင်းရန်(၁၃/ကခန(နိုင်)၀၅၅၇၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန်(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး(LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန်(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၈)၊ ဦးပိုင်အမှတ်(၂၅-င)၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဌေး(၉/မရတ(နိုင်)၀၅၉၃၆၆)၊ ဒေါ်ယဉ်မင်းအေး(၉/မရတ(နိုင်)၀၀၄၇၀၉)၊ ဒေါ်စန္ဒာလှိုင်(၉/မရတ(နိုင်)၀၅၉၃၆၅) တို့က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ပျောက်ဆုံးကြောင်း

ဦးထွန်းစိန်၏သား ကျွန်တော် မောင်သန်းဦး(၉/မနမ(နိုင်)၀၇၁၄၉၁)၏ နိုင်ငံကူးလက်မှတ်(အမှတ် မမှတ်မိ)သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မောင်သန်းဦး**

**ဖုန်း ၀၉-၂၆၆၈၈၈၉၄၉**

❖ မိမိတို့နိုင်ငံ၏ ထူးခြားသော ဝိသေသမှာ တိုင်းရင်းသား လူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်း လုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင် ဖြစ်ပါသည်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် ငါးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင်ငါးဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများ ကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်နှင့်

စာမျက်နှာ ၉ သို့ ❊

## ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခုနစ်ဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိ


**ရန်ကုန် စက်တင်ဘာ ၂၉**

Myanmar National League ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ခုနစ်ဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁မိနစ်တွင် သက်ထွန်းအောင်၊ ပွဲချိန် ၂၈မိနစ်တွင် စိုးမင်းဦး၊ ပွဲချိန် ၃၆မိနစ်တွင် ပြည့်မိုး၊ ပွဲချိန် ၄၉မိနစ်တွင် ညီညီအောင်၊ ပွဲချိန် ၈၂မိနစ်တွင် ကောင်းမြတ်ကျော်၊ ပွဲချိန် ၈၃မိနစ်နှင့် ၈၅မိနစ်တွင် စိုးကျော်ကျော်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ယခုပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံး ကစားသမားဆုကို ရတနာပုံအသင်းတိုက်စစ်မှူး စိုးမင်းဦးက ရရှိခဲ့သည်။

ရတနာပုံအသင်းသည် Myanmar National League ပွဲစဉ်ငါးပွဲကစားအပြီးတွင် ရမှတ် ၁၀ မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့သည်။ (NGB)




## လီဝန်ဒေါစကီး ကစားသမားဘဝ သွင်းဂိုးပေါင်း ၇၀၀ ပြည့်မြောက်

**ဘာစီလိုနာ စက်တင်ဘာ ၂၉**

ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ကစားသမားဘဝတစ်လျှောက် သွင်းဂိုးပေါင်း ၇၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဆိုစီဒက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

လီဝန်ဒေါစကီးသည် ကစားသမားဘဝတစ်လျှောက်တွင် ပရပ်ဇ်ကောအသင်းအတွက် ၂၁ ဂိုး၊ လက်ချ်ပေါ့ဇ်နန်အသင်းအတွက် ၄၁ ဂိုး၊ ဒေါ့မွန်အသင်းအတွက် ၁၀၃ ဂိုး၊ ဘိုင်ယန်မြူးနစ်အသင်းအတွက် ၃၄၄ ဂိုး၊ ဘာစီလိုနာအသင်းအတွက် ၁၀၅ ဂိုး၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ပိုလန်လက်ရွေးစင်အသင်းအတွက် ၈၆ ဂိုးသွင်းယူပြီး စုစုပေါင်း သွင်းဂိုး ၇၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။




ထို့ပြင် တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ကစားသမားဘဝတစ်လျှောက်တွင် ဆုဖလားများစွာအပြင် တစ်ဦးချင်းဆုတံဆိပ်များကိုလည်း ရယူနိုင်ခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ လီဝန်ဒေါစကီးက "ကျွန်တော် အခုလို ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၇၀၀ ပြည့်မြောက်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုသွင်းဂိုးတွေအပြင် အသင်းအောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**နိုင်ကမ္ဘာ**